www.burmeseclassic.com

# ချစ်လျှင်အကျိုး

သခီ

BURMESE CLASSIC .com

[၁]

ယနေ့မိတ်ဆွေသည် နက်ဖြန်ရန်သူဖြစ်ရ၏။ ယနေ့ရန်သူသည်လည်း နက်ဖြန်မိတ်ဆွေ မဖြစ်နိုင်ဟု မည်သူမျှ မပြောနိုင်ပေ။ ပြောင်းလဲခြင်းကား လောကဓမ္မတာ။

ထိုဓမ္မတာအရ၊ မြန်မာပြည်၏ အခြေအနေမှာလည်း ပြောင်းလဲ၍ လာခဲ့ရလေ၏။ သို့သော် ထိုဓမ္မတာကို နားမလည်သော လူအချို့တို့ ဒုက္ခရောက်ရမည်မှာလည်း စစ်၏ မငဲ့နိုင်သော ဓမ္မတာတစ်ရပ်ပင်ဟု ဆိုရမည်ဖြစ်ပေ၏။

ဗိုလ်မှူးကြီးဗထူးတို့ ဂျပန်ကို ပုန်ကန်ကာ စစ်ကြေညာလိုက်သောအချိန်တွင် မြန်မာတပ်စိတ်ကလေးတစ်ခုသည် အထက်မြန်မာပြည် အစွန်ဆုံးဒေသ ကုလားနှင့်မြန်မာပြည်နယ်စပ် အရပ်တစ်နေရာတွင် ရောက်၍နေ၏။ ထိုမြန်မာတပ်စိတ်ကလေးကို ဆေးကျောင်းသားဟောင်း တစ်လိုင်းတစ်ပွင့်ရ တပ်စိတ်မှူး ဗိုလ်ကလေး ဗိုလ်မြဒင် အုပ်ချုပ်လျက်ရှိ၏။

သို့သော် ထိုမြန်မာတပ်စိတ်ကလေးကား ဂျပန်တပ်ခွဲတစ်ခုနှင့်အတူ ချီတက်၍နေသော တပ်စိတ်ကလေးဖြစ်၏။ ဂျပန်စစ်ဗိုလ်က အုပ်ချုပ်ရာ မြန်မာတပ်စိတ်မှူးဗိုလ်ကလေးမြဒင်ကား ဂျပန်စစ်ဗိုလ်၏လက်အောက်ခံ ဖြစ်သ၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း မြန်မာပြည်၏ စစ်မြေပြင်အခြေအနေအရ ဂျပန်တပ်မ တပ်ခွဲအသီးသီးတို့ကို မဟာမိတ်တပ်များအား ပိတ်လှောင်ချည်နှောင်၍ဖမ်းရန် စစ်ရေးငင်သည့် စစ်ပရိယာယ်ကိုသုံးကာ မြန်မာပြည်အထက်ပိုင်း နယ်ခြားအရပ်ရပ်တွင် ပြန့်ကြဲစွာချ၍ထားလေ၏။ ထိုဂျပန်တပ်ခွဲကလေးမှာလည်း ထိုပရိယာယ်စာရင်းဝင် တပ်တစ်တပ်ဖြစ်ရာ ထိုဂျပန်တပ်ခွဲတွင် **ဒိုင်တိုဝကျိုစကောင်** ဆိုသော အာရှတိုက်စည်းလုံးရေး ဂျပန့်ကြွေးကြော်သံအရ ဗိုလ်မြဒင်ကြီးမှူးသည့် မြန်မာတပ်စိတ်ကလေးက သာတူညီမျှ ပါခဲ့ရခြင်း ဖြစ်၏။

သို့သော် အခြေအနေကား ပြောင်းလဲခဲ့ချေပြီ။

*'ယခင်ကမူ စိတ်တူညီမျှလို့ ဆောင်ပကုလား၊ မကြာမီ သုတာဝေရီလို့ ခေမာပြည် ညီညီအုန်းရယ်... မှန်းကြစို့လား...'*

ဒိုင်တိုဝကျိုစကောင်လည်း မကယ်နိုင်တော့ပြီ။ ဘီရုမာနိပွန်တူတူပဲတို့မှာလည်း လောက၏ပြောင်းလဲခြင်းတရားကို မလွန်ဆန်တော့ပြီ။

ဗထူး မကောင်းဘူးရှိတယ်က။ ဘီရုမာစစ်သားမကောင်းဘူးက... ဟူသောစကားသည် အလွန်ဝေးကွာလှသော မြန်မာပြည်အထက်ပိုင်း နယ်ခြားဒေသ လူမနီးသူမနီးသည့် ဗိုလ်မြဒင်တို့ ရှိရာဌာနကလေးဆီသို့ ဂယက်ရိုက်၍ ရောက်လာခဲ့လေ၏။

နိပွန်–ဘီရုမာ တူတူပဲ တို့မှာ ယခုအခါ မတူနိုင်တော့ပေ။ ဗိုလ်မြဒင်တို့လက်မှ လက်နက်များကို အကုန်သိမ်းဆည်းလိုက်လေ၏။ သိမ်းဆည်းရုံမက ထိုဗိုလ်မြဒင်တို့ မြန်မာတပ်စိတ်ကလေးမှာ မကြာမီ လူမသိသူမသိဘဲ စစ်သားဘဝမှ သုံ့ပန်းဘဝသို့ ဆိုက်ရောက်ခဲ့ကြလေ၏။ ယခင်က တူတူစား၊ တူတူနေ အစစအရာရာ တူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုင် ချီတက်လာခဲ့သော ဂျပန်–မြန်မာ တပ်ခွဲကလေးမှာ ယနေ့မှ စ၍ အိုးစားကွဲခဲ့လေ၏။

သို့သော် ဗိုလ်မြဒင်တို့နှင့်အတူ ချီတက်လာခဲ့ရသော ထိုဂျပန်တပ်ခွဲကလေးမှ ဂျပန်စစ်သားများကား အခြား ဂျပန်များနှင့်မတူဘဲ အနည်းငယ်စိတ်သဘောထားမြင့်မြတ်ကြင်နာဟန်ရှိ၏။ စစ်ထုံးစံအရ ဗိုလ်မြဒင်တို့ လူစုအား လက်နက်များ သိမ်းဆည်းအကျဉ်းချထားလိုက်ရသော်လည်း ၎င်းတို့စိတ်ထဲတွင် ရန်သူဟူ၍ မသတ်မှတ်နိုင်ကြသကဲ့သို့ မြန်မာလူတစ်စုတို့ကို မြင်တိုင်း ၎င်းတို့၏မျက်နှာမှာ မချိတင်ကဲဖြစ်ဟန်ရှိကြ၏။ မတတ်သာ ခပ်ချာချာနေကြဦးစို့၊ မုန်းလို့ဟုတ်ဘူး ဆိုသလို အထက်အမိန့်ကြောင့်ဤကဲ့သို့ မိတ်ဆွေဘဝမှ တစ်မုဟုတ်ချင်း ရန်သူကြီးများဘဝသို့ ကူးပြောင်းသွားရသော်လည်း အချို့ဂျပန်စစ်သားများမှာ ယခင်က တစ်ဦးနှင့်တစ်ဦး ခင်ဖူးမင်ဖူးသည့် မိတ်ဆွေဘက်အရှိန်ကို မမေ့ပျောက်နိုင်သကဲ့သို့ မြဒင်တို့လူတစ်စုကို တွေ့တိုင်း ညိုးငယ်သောမျက်နှာအမူအရာသို့ ပြောင်းလဲသွားကြ၏။ အချို့မှာ ပါးစပ်မှမပြောဘဲ ခေါင်းကိုရမ်းကာ စုတ်တသပ်ကျွတ်ကျွတ် သပ်ကြကုန်၏။

သို့သော် တစ်ယောက်နှင့်တစ်ယောက် အယုံကြည်တရား ကင်းမဲ့သော ဘဝသို့ ရောက်သွားခဲ့ကြပြီ။ တစ်ဦးကို တစ်ဦးမယုံတော့။ တစ်ယောက်ကိုတစ်ယောက် အနားမကပ်တော့။ အစေးမှသာလုမ်း၍ အလွမ်းပိုရတော့လေပြီ။ မည်သူသည် ပုဏ္ဏား၊ မည်သူကား မျောက်မင်းဖြစ်ကြသည်ကိုမှ မဝေခွဲနိုင်သောဘဝသို့ ရောက်ခဲ့ကြလေပြီ။

ဤကား ဆိုးယုတ်သော စစ်၏စက်ဆုပ်ကြေကွဲဖွယ် အကျိုးဆက်များပင် ဖြစ်တော့၏။ မြဒင်တို့လူစုမှာလည်း ဤသဘောတရားမျိုးဖြင့် ကင်းနိုင်မည်မဟုတ်ပေ။

သို့သော် ထိုကဲ့သို့ တစ်နေ့နေ့ ဖြစ်ရမည့်အရေးကား မြန်မာစစ်သည်များစိတ်တွင် ပြေး၍တွေးပြီးသား ဖြစ်၏။ မည်သည့်နေ့ကိုသာ တပ်အပ်မသိသော်လည်း တစ်နေ့နေ့တွင် မိမိတို့အခြေအနေမှာ ဤဘဝ၊ ဤအဖြစ်မျိုးသို့ နောက်ဆုံးရောက်ရမည်ကို သိကြပြီးဖြစ်ရာ ဂျပန်များနှင့် တပ်ထွက်လာပြီးကတည်းက မိမိတို့အသက်မှာ သေပြီး၊ ရှုံ့ပြီးအခြေသို့ စဉ်းစားဆုံးဖြတ်ပြီးသူများ ဖြစ်ကြ၏။

လူများစု ဂျပန်များလက်တွင်းသို့ ရောက်နေပြီးသော မိမိတို့ လက်တစ်ဆုပ်စာ မြန်မာစစ်သားတစ်စုမှာ မည်သည့်နည်းနှင့်မျှ မလွတ်မြောက်နိုင်ကြောင်းကို သိပြီးဖြစ်သော်လည်း အဖနိုင်ငံတော်ကြီးအတွက် အသက်ကို ဆက်၍ ထွက်လာခဲ့ခြင်းဖြစ်၏။ မိမိတို့အသက်ကို ဖက်ဆစ်ဓားပြများလက်သို့ ဝကွက်ကာ အသေမားစားခံ လိုက်ပါလာခဲ့ခြင်းပင် ဖြစ်လေ၏။

မြန်မာရဲဘော်တစ်စုတို့၏မျက်နှာကား မိမိတို့၏ သေရမည့်ရက်ကိုတွက်ကာ အမူအရာမပျက်ကြပေ။

"ရဲဘော်တို့၊ သေရမှာ ကြောက်သလားဗျ၊ မျက်နှာတယ်ညိုးပါလား"

"ဟား ဟား ဝေးပါသေးရဲ့ ရဲဘော်ရယ်၊ မျက်နှာကနဂိုနေပါ"

"ဒါဖြင့် ရည်းစားလွမ်းလို့လားဗျ"

"လွမ်းစရာရည်းစားလည်း မရှိဘူးဗျာ" ဟုပြောရင်း 'စစ်ပြီးရင်လ မောင်ပြန်ခဲ့မယ် စောင့်နေတော်မှုဦးကွယ်' သီချင်းကလေးကို အေးအေးကလေး ညည်းနေ၏။

"မကြောက်ပါနဲ့ ရဲဘော်ရယ်၊ လူမှန်ရင် တစ်သက်တစ်ခါ သေစမြဲပဲ။ ဘာ ကြောက်စရာရှိတာလိုက်လို့၊ ကိုယ့်တိုင်းပြည်ကြီးအတွက် အသေခံရတာ မြတ်တောင်မြတ်သေး သေရကျိုးနပ်ပါတယ်ဗျာ"

တစ်ယောက်ကိုတစ်ယောက် အားပေးစကားပြောကြ၏။ ထို့ကြောင့်ပင် လူ့ဘဝတွင် စစ်သားဘဝသည် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်အကြင်နာဆုံးဘဝဟု ဆိုကြခြင်းပင်ဖြစ်၏။

"မကြောက်ပါဘူး ရဲဘော်ရယ်၊ တိုင်းပြည်ကြီးအတွက်ဆိုရင် တစ်သက်မက နှစ်သက်သေပါစေ မကြောက်ပါဘူး။ လည်စင်းခံဝံ့ပါတယ်"

မြဒင်သည် မိမိရဲဘော်များ၏စကားတို့ကို မသိမသာ နားထောင်၍နေ၏။ ထိုစကားမျိုးကို ကြားရသဖြင့် စိတ်ထဲမှာ အားရချီးကျူးမိသော်လည်း အခြေအနေအားဖြင့်ကား ရင်ထုမနာဖြစ်မိလေ၏

ယခု ရဲဘော်စုတို့ ရောက်နေသောအရပ်မှာ ၎က်တော၊ ချွေးတောအရပ်ဖြစ်၏။ အေးလျှင်အစို ပူလျှင်အခြောက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရာသီဥတု ဖောက်ပြန်မှုကို ရဲဘော်များသည် လူးလိမ့်၍ ခံရသော အရပ် ဖြစ်၏။

ထိုအထဲတွင်မှ စားသောက်စရာ ရိက္ခာမပြည့်စုံကြ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဂျပန်များမှာ နေရာတိုင်းတွင် စစ်ရေးအခြေအနေ မလှဘဲ ရှိနေရာ နောက်ခံမတောင့်တင်းခြင်းဖြင့် စားရေရိက္ခာတို့မှာ အထူးကျပ်တည်းရှားပါးကြကုန်၏။ ရာသီဥတု၏ ဖောက်ပြန်မှုတွင် အစားအသောက် ရိက္ခာက ညံ့ဖျင်းမှုတို့ကြောင့် ရဲဘော်တွေမှာ ကျန်းမာရေး၌ အထူးထိခိုက်ချွတ်ယွင်းပျက်စီးကြရကုန်၏။

မြဒင်သည် မိမိရဲဘော်များကို ညီရင်းသဖွယ် အစ်ကိုကြီး မိဘပမာ ယုယကြင်နာ၏။ ရဲဘော်တစ်ဦး နေမကောင်းလျှင် မြဒင်မှာ ပူးပန်းခတ်အလုပ်များ၍ နေရှာ၏။ လူမမာ ရပ်ဝေးတစ်နယ်တစ်ကျေးမှ တစ်ဦးနှင့်တစ်ဦး ပို၍ခင်မင်ယုယကြကာ တစ်ယောက်ကိုတစ်ယောက် ပို၍ချစ်ခင်ကြင်နာကြရန်ကိုလည်း မိမိရဲဘော်များကို အမြဲတရားလမ်းပြ ဆုံးမသွန်သင်ပေ၏။

"နေကောင်းရဲ့လား ရဲဘော်" ဟူသော စကားမှာ နေ့စဉ်မြဒင်၏ အိပ်ရာထ၊ မျက်နှာသစ်နေကျ ဝတ်မပျက်သော စကားတစ်လိုဖြစ်၏။

"အေး အေး နေကောင်းအောင်သာ နေကြနော် ရဲဘော်၊ ဘာမှ အားမငယ်ကြနဲ့။ စိတ်ထဲမှာရှိသမျှ ဆရာကို ထုတ်ပြော" ဟူသော စကားမှာ ရဲဘော်တို့ နား၌ ပူးသကာတွင် အရိုးဆောင်းသလို နားမချောင်းအောင် ဖြစ်ရလေ၏။ ထိုစကားအတိုင်း မကျန်းမာသော မိမိရဲဘော်များကို မြဒင်သည် နေ့မအိပ်ညမအိပ် ကိုယ်ဖိရင်ဖိ ပြုစုရှာ၏။

စစ်ကြီးမဖြစ်မီက အင်္ဂလိပ်များ လက်ထက်တွင် ဆေးကျောင်းသားဟောင်းတစ်ဦးဖြစ်ခဲ့ရာ ထိုစဉ်က သင်ခဲ့ရသော ပညာစုသည် ယခုကဲ့သို့ ငှက်ဖျား၊ ချွေးတော ကျန်းမာရေးအတွက် အရေးအကြီးဆုံးသော အခါမျိုးတွင် များစွာ အထောက်အပံ့ ရလေ၏။

ထို့ကြောင့် ရဲဘော်များသည် မြဒင်အား စစ်ဗိုလ်တစ်ဦးကဲ့သို့မခင်၊ မိမိတို့ဆရာသမား အရင်းအချာတစ်ဦးကဲ့သို့ ခင်ကြ၏။ မိမိတို့ထက် အဆင့်အတန်းရာထူးဌာနကြီးသော အထက်တန်းစား လူတစ်ဦးကဲ့သို့ သဘောမထား၊ အစ်ကိုကြီး မိဘသဖွယ်အလား ချစ်ကြောက်ရိုသေကိုးစားကြကုန်၏။

အချို့က မြဒင်ကို ဆရာဟုခေါ်ကြ၏။ အချို့ ဒေါက်တာဟု ခေါ်၏။ အချို့ကမူ အမိအဘသဖွယ် သဘောထားကာ (အဘ)ဟုပင် ခေါ်ကြလေသည်။ ဗိုလ်ကလေး-ဗိုလ်ကြီး ဟူသော စကားတို့မှာ မြဒင်နှင့် ရဲဘော်စုတွင် မကြားဖူးသည့် စကားအဆန်းတစ်ခုကဲ့သို့ ဖြစ်နေလေ၏။

* * *

[၂]

မိုးကျစ ပြုလာ၏။ မိုဦးပင် ဖြစ်သော်လည်း တောကြီးတောင်ကြီး အရပ်ဒေသများတွင် အခြားအရပ်များထက် မိုးဦးအကျစောကာ ပြင်းပြင်းထန်ထန် ရွာတတ်၏။ သို့သော် တောတောင်ထူထပ်သော ငှက်ဖျား၊ ချွေးတော အရပ်များကား ရာသီဥတုမှာ စည်းကမ်းမရှိဘဲ စိုချင်စို၊ ခြောက်ချင်ခြောက်၍ ဖြုန်းခနဲ ရွာချင်ရွာချတတ်လေ၏။

မိုးရေကြောင့် ဖက်ဖွတ်ရေများသည် တသောသော ကျလာ၏။ ထိုရေသည်ပင် တောတောင် ခရီးသွားများအား ဒုက္ခပေးသော မမြင်ရသည့် သေမင်းတမန်ဖြစ်ပေ၏။

ဂျပန်များတွင် ရိက္ခာတပ်ဟူ၍ သီးခြားမရှိပေ။ ထိုသို့မရှိခြင်းကြောင့် ခရီးတွင် ဝန်ပေါ့သည်ဆိုသော်လည်း ယခုကဲ့သို့ တောကြီးမျက်မည်း အစားအသောက် ရှားပါး အသွားအလာ ခက်ခဲသောနေရာမျိုးတွင် ရိက္ခာတပ်မရှိခြင်းအတွက် အကြီးအကျယ်အခက်အခဲ ဒုက္ခတွေ့ကြုံရလေ၏။

ထိုအချိန်တွင် အထက်အောက်မြန်မာပြည်တစ်ပြည်လုံးက ဂျပန်ကို တော်လှန်ကုန်ကြပြီဖြစ်သောအချိန်ဖြစ်ရာ ဂျပန်တပ်များမှာ ဆန့်စင်ရာ ကျည်မွေ့မလိုက်နိုင်သကဲ့သို့ အဆက်အသွယ်တွေပြတ်ကာ လိုက်တန်းပြေးတန်းကစားသလို ဖရိုဖရဲဖြစ်၍ နေကြလေ၏။ တစ်တပ်နှင့်တစ်တပ် အကြောင်းကိုပင် ဆက်သွယ်သိနိုင်ရန် ခဲယဉ်း၏။

မိမိ၏နေရင်းဌာနမဟုတ်ဘဲ သောင်ပြင်လွှတ်သော ချွေးကဲ့သို့ ကြုံရသောအခြေအနေမှာ ထိုအခါက ဂျပန်တို့အတွက် အမှန်ဆုံးစကားပင်ဖြစ်၏။ တစ်နည်းအားဖြင့် လူ့သဘောအရ သနားစရာပင် သို့သော် စစ်သဘောအရကား အတ္တသမ်ပေမ်နတ္ထိ။

မြန်မာများ၏ တော်လှန်ခြင်းကို အခွင့်အခါကောင်းယူရာ မဟာမိတ်တပ်များလည်း နယ်ခြားအရပ်ရပ်မှ ဖိ၍တက်လာ၏။ ဖိ၍တိုက်လာ၏။ စစ်ရေးငင်၍ စစ်ပရိယာယ်ကိုသုံးကာ ချောင်ပိတ်အမိဖမ်းရန် ထောင်ချောက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အထောင်ကောင်းလိုက်သော ဂျပန်တပ်များမှာ ဖရိုဖရဲ တကွဲတပြား ဖြန့်ကြဲဗရပွ အုပ်မနိုင် ထိန်းမရဖြစ်၍ နေ၏။ မိမိတို့တပ်များရှိသည့်နေရာကိုပင် တိတိကျကျမသိနိုင်ဘဲ ခွေးလေးပျား တောအနှံ့ဖြင့် စစ်မျက်နှာကြီးကျယ်ပြန့်၍ အလှမ်းကျယ်ကာ အလယ်လပ်၍ နေတော့၏။ တစ်ခါတစ်ရံ အချင်းချင်း တစ်တပ်နှင့်တစ်တပ်ကိုပင် အထင်မှားကာ ပစ်ခတ်တိုက်ခိုက်မိကြလေ၏။

ကိုယ့်အတတ်နှင့်ကိုယ်စူး နှုတ်လို့မရဘူးဆိုသကဲ့သို့ မြန်မာ့တော်လှန်မှုသည် ဂျပန်များအတွက် မိမိတို့အထောင်ကောင်းလိုက်သော ထောင်ချောက်အတွင်း မိမိတို့ပင် ပြန်၍ဆင်းကာ လည်ပင်းကြိုးကွင်းတပ်နေခြင်းနှင့်တူနေတော့၏။

သို့သော် မကောင်းသူထိပ်၊ ကောင်းသူထိပ် လူတစ်စုကား တောင်ပြိုရာ မြက်ပိကာ လူမသိသူမသိ ဒုက္ခတွေ့နေရလေ၏။ ထိုလူစုကား မြဒင်တို့ ရဲဘော်တစ်စုပင်ဖြစ်၏။

စားစရာဆန်မရှိ၊ သောက်စရာ ရေမရှိ၊ ဝတ်စရာ အဝတ်မရှိ။ အစစအရာရာ ဗလာနတ္ထိဖြစ်၍ နေကြလေ၏။ ထိုအတွင်း တစ်ခါတစ်ရံ မဟာမိတ်လေယာဉ်ပျံများက သနားကရုဏာကြီးစွာဖြင့် ဆုလာဘ်ပုံးမိုးလာ၍ရွာသွန်းဖြိုးပေးလိုက်၏။

တစ်ခါတစ်ရံ တောင်ကျရေနှင့် မိုးရေ ဒလဟော ကျဆင်းနေခြင်းဒဏ်ကြောင့် ချက်စရာ နေရာမရှိ၊ ထင်းမရှိခြင်းကြောင့် ချက်ပြုတ်မစားနိုင်ကြပေ။ သို့သော် ထိုဒုက္ခတွေကား ဂျပန်တို့အတွက် အထူးအဆန်း ပထမအကြိမ်မဟုတ်ပေ။ မနှစ်က အိန္ဒိယပြည်သို့ ချီတက်သွားသော အင်ဖာတစ်သောင်းတပ်ကြီး ဆုတ်ခွာလာခဲ့ရစဉ်က မြန်မာပြည်နယ်စပ်သို့ ရောက်သည့်အခါတွင် တပ်သားတစ်ထောင်ကျော်ကျော်မျှသာ ကျန်တော့၏။ ထိုအကြောင်းကို အချို့ဂျပန်များပင် မသိကြဘဲ ယနေ့တိုင် မိမိတို့ကိုယ်ကို အထင်ကြီးနေကြခြင်းပင် ဖြစ်၏။

လူ့စိတ်လူ့သဘောကား အတော်ဆန်းကြယ်၏။ ဒုက္ခအကြီးအကျယ်ဖြစ်သည့်အခါတွင် အချို့သူတို့မှာ ရက်စက်ကြမ်းကြုတ်တတ်၏။ အချို့တို့မှာကား တစ်ဦးကိုတစ်ဦး သနားကြင်နာတတ်ပေ၏။

ဒုတိယသဘောကား မြဒင်တို့လူတစ်စု ကြုံတွေ့နေရသော သဘောမျိုးဖြစ်၍နေရာ တောကြီးသာခေါင် အမှောင်ပိတ်ဖုံး ဒုက္ခမြူးကြီး မိနေကြသော ဂျပန်-မြန်မာတစ်စုတို့မှာ တစ်နေ့ထက်တစ်နေ့ ကာလကြာသည့်အခါတွင် တစ်ဦးတစ်ဦး ရန်သူစိတ်များ ပျောက်၍လာကာ ရန်သူဟူ၍ သဘောမထားနိုင်တော့ပေ။ မိမိတို့နှင့် ဝေးကွာနယ်ခြား၍နေသော အရပ်တစ်ပါးတွင် ထိုးခုတ်သတ်ဖြတ် ဖြစ်ချင်ရာဖြစ်၍နေကြသော်လည်း မိမိတို့နှင့် ဘာမျှမဆိုင်သကဲ့သို့ ဒုက္ခတွေ ဗလပွန်းတီး အတိုင်းမသိအောင် ကြုံတွေ့နေရသော လူတစ်စု၏ စိတ်ဝယ် ဖြစ်ပေါ်၍ လာလေ၏။

တစ်နေ့တွင် ရဲဘော်တစ်ဦး မြဒင်အနားသို့ကပ်လာ၏။ ထိုအချိန်တွင် မြဒင်မှာ မိမိတို့၏ရှေ့နောက်အကြောင်းတို့ကို တစ်ကိုယ်တည်း အတွေးနက်၍နေ၏။

ရဲဘော်သည် မြဒင်အနားသို့ရောက်လျှင် တစ်စုံတစ်ခုကို ပြောလိုဟန် မြဒင်၏အရိပ်အကဲကို ကြည့်၍နေရာ-

"ဘာလဲ ရဲဘော်" ဟု မြဒင်က ဆီးကြို၍မေးလိုက်သောအခါမှ ရဲဘော်သည် မြဒင်အနီးသို့ တိုးကပ်လာပြီးလျှင် "အဘကို ကျွန်တော် စကားတစ်ခုပြောချင်လို့" ဟု စကားကို စလေ၏။ ၎င်း၏မျက်နှာမှာ တစ်စုံတစ်ခု အတွေးနက်ဟန် အမူအရာရှိ၏။

"ဘာပြောမလို့လဲ ရဲဘော်၊ ဘာအကြောင်းထူးလို့လဲ" ရဲဘော်သည် မြဒင်၏မျက်နှာကို တစ်ချက် စူးစိုက်၍ကြည့်နေပြီး ဂျပန်များ စခန်းချရာ မနီးမဝေးဆီသို့ လှမ်း၍ကြည့်လိုက်ပြီးနောက်-

"ဂျပန်တွေ အမူအရာထူးတယ် အဘ။ မျက်နှာမကောင်းဘူး။ သူတို့ ကျွန်တော်တို့အပေါ် မရိုးဘူးထင်တယ်" ဟု ပြောလေ၏။

မြဒင်သည် ရဲဘော်၏စကားကို စိတ်ပါဝင်စားစွာ စူးစိုက်၍နားထောင်နေပြီး "ရဲဘော် ဘယ်လိုတွေ့လို့တုန်း" ဟု အနည်းငယ်ပြုံး၍မေးလိုက်လေ၏။

"ဂျပန်တွေ တစ်ရက်နှစ်ရက် ရှိပြီ။ သူတို့အမူအရာတွေ့ရတာ တယ်မျက်နှာမကောင်းကြဘူး၊ ကျွန်တော်တို့ဘက်ကိုလည်း သူတို့မကြာမကြာ တစေ့တစောင်းကြည့်ကြတယ်။ သူတို့အချင်းချင်းလည်း ကွိကွိကွကွနဲ့ ဘာပြောတယ်မသိဘူး၊ တိုးတိုး တိုးတိုးပြောပြီး မျက်နှာတွေ တယ်မသာကြဘူး"

"သူတို့မျက်နှာမကောင်းတာနဲ့ ရဲဘော်က ဘာကြောင့် တို့တတွေအပေါ်မှာ မရိုးဘူးလို့ ထင်နိုင်ရသလဲ" ဟု မြဒင်က အရေးမကြီးဟန် ခပ်ပြုံးပြုံး မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်းမဟုတ်ဘူး အဘ၊ ကျွန်တော် သူတို့ကို တယ်မယုံသလိုရှိလို့ မနေ့ကတည်းက အကဲခတ်ကြည့်နေတယ်။ အဘကိုသာ အရေးမကြီးဘူးမှတ်လို့ မတိုင်ခဲ့တာ၊ ကခြားရဲဘော်တွေကိုတော့ ဒီအကြောင်းကိုအသိပေးပြီး သတိနဲ့နေဖို့ ပြောခဲ့တယ်။ ဒီနေ့တော့..."

"အင်း ဘာဖြစ်သတုန်း" မြဒင်မှာ အနည်းငယ် စိတ်ဝင်စား၍လာ၏။

"ကျွန်တော် သူတို့ဆီကို မယောင်မလည် ကပ်သွားကြည့်တဲ့အခါ ဘိရုမာမလာနဲ့ သွား...သွားလို့ အတင်းမောင်းထုတ်တယ်။ ကျွန်တော်က နားမလည်သလို အတင်းအနားကို ဖွတ်တိုးသွားတော့"

"အင်း...အင်း...ပြောပါဦး ရဲဘော်"

"ကျွန်တော်လည်း အနားကိုရောက်ရော အထဲကို မလုံ့တဲ့သဘောနဲ့ တစ်ချက်လှမ်းကြည့်ပြီး ကျွန်တော့်ဆီကို အတင်းလာပြီး ဘိရုမာ မကောင်းဘူးက သွားလေ...လို့ အော်ငေါက်လွှတ်တယ်။ ဂျပန်မျက်နှာ ကြည့်ရတာ တယ်ဣန္ဒြေမရဘူး အဘ။ သူတို့ ကျွန်တော်တို့တွေ မသိအောင် ကစ်ခုခုကြံပုံရတယ်"

"အေး မင်းတွေးပုံ နည်းနည်းနီးစပ်တယ်" ဟု ပြန်ပြောကာ မြဒင်သည် တစ်စုံတစ်ခုကို စဉ်းစား၍နေလေ၏။

"ဒါကြောင့် ကျွန်တော်တို့ကို သူတို့အနား အကပ်မခံတာပေါ့။ ကျွန်တော်တို့ မသိစေချင်၊ မမြင်စေချင်တဲ့ အချက်တစ်ခုခုတော့ရှိပြီ၊ ကြံပြီ ထင်တာပဲ အဘရဲ့"

"အင်း မင်းက ဘယ်လိုထင်လို့တုန်း"

"ကျွန်တော် ထင်မိတာကတော့..." ထိုရဲဘော် ပြောနေဆဲတွင် အခြားရဲဘော်တစ်ယောက် အနားသို့ သုတ်သီးသုတ်ပျာ ရောက်လာလေ၏။

"ဟုတ်တယ်ဟေ့ ရဲဘော်။ ရဲဘော်ပြောတဲ့အတိုင်း ကျုပ်စောင့်ကြည့်နေတာ အစစ်ပဲဟေ့၊ ဟုတ်တယ်" ဟု ပြောပြောဆိုဆို အနားသို့ရောက်လာရင်း မြဒင်ကိုတွေ့သဖြင့် ကိုယ်ရှိန်သပ်ကာ စကားရပ်၍သွား၏။ မြဒင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ ရှိသေလေးစားဟန် ခပ်ရှုံ့ရှုံ့ ဖြစ်သွားလေ၏။

"စောင့်ကြည့်တော့ ဘာဖြစ်သတုန်းရဲဘော်။ ပြောပါဦး" ဟု မြဒင်က အနည်းငယ်ပြုံး၍ ဆီးကြိုမေးလိုက်၏။ ထိုအခါမှ ရဲဘော်မှာ မျက်နှာပိုးသတ်ရာက မြဒင်အနီးသို့ တိုးကပ်၍လာပြီးနောက်...

"ဒီရဲဘော်က ဂျပန်တွေမရိုးဘူးထင်တယ်လို့ ကျွန်တော့်ကိုပြောလို့ ကျွန်တော် စောင့်ကြည့်နေတာ ဒေါက်တာရဲ့၊ ဟုတ်တယ်ဒေါက်တာ ရဲဘော်ပြောတဲ့အတိုင်းပဲ"

"အင်း...အင်း"

"ဂျပန်တွေ မျက်နှာမကောင်းကြဘူး၊ သိသိသာသာကြီး အမူအရာတွေ ပျက်နေကြတယ်။ ကျွန်တော်တို့ဘက်ကိုလည်း မကြာမကြာ လှမ်းကြည့်တာကို တွေ့ရတယ် ဒေါက်တာ။ သူတို့ပုံပန်းတွေကို ကြည့်ရတာတစ်မျိုးကြီးပဲ ဆရာ။ တယ်မှုမမှန်ကြဘူး။ မျက်နှာတွေကလည်း မှုန်ကုတ်ကုတ်နဲ့"

မြဒင်သည် ထိုရဲဘော်၏စကားကို တွေဝေ၍ နားထောင်ကာ စဉ်းစားစိတ်ကူးနက်၍ နေ၏။ မျက်နှာမှာ ဝေခွဲ၍ မရဟန်ရှိ၏။

"ဘယ်နေရာက သွားကြည့်နေသလဲ" ဟု ရဲဘော်အား လှမ်း၍မေးလိုက်၏။

"ကျွန်တော် သူတို့နဲ့မနီးမဝေးက အကဲခတ်ပြီး မယောင်မလည် သွားကြည့်တယ်ဒေါက်တာ"

"မင်းကို သူတို့မမြင်ဘူးလား"

"မြင်တော့မြင်တယ် ဒေါက်တာ၊ မြင်တော့ သူတို့မျက်နှာမကောင်းဘူး။ သူတို့အချင်းချင်းကို ဘာပြောတယ် မသိဘူး လှမ်းပြောလိုက်ကြတာကိုလည်း တွေ့ရတယ်"

"အင်း...အင်း" မြဒင်သည် ခေါင်းကို အသာညိတ်ကာ "မင်းကိုတော့ သူတို့ဘာမှမပြောဘူးလား၊ မောင်းမထုတ်ဘူးလား"

"မပြောဘူး ဆရာ၊ မောင်းတော့မထုတ်ဘူး၊ သူတို့မျက်နှာအမူအရာတွေကသာ..."

* * *

[ ၃ ]

ထိုအတွင်း မိမိတို့အနားမှ ခြေသံတွေကို ကြားရ၏။

"ဟေ့ နေစမ်း ဘာလဲ" ဟု မြဒင်က ရဲဘော်များကို လက်ကာကာ ခြေသံကြားရာဆီသို့ လှမ်း၍ကြည့်နေကြ၏။ မိမိတို့ထင်သည့်အတိုင်း ဂျပန်နှစ်ယောက်သည် မိမိတို့ဆီသို့ အရေးတကြီး သုတ်သီးသုတ်ပျာ လာနေကြသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြဒင်တို့သည် အရေးရှိက အသင့်ရှိကြစေရန် သတိကို လက်မလွှတ်စေဘဲ ဂျပန်များကို အကဲခတ်၍ ကြည့်နေကြလေ၏။ အခြားရဲဘော်တစ်စုတို့မှာလည်း ပထမရဲဘော်များက အရိပ်အငွေ့ ပြောကြားထားပြီးသည့်အတိုင်း အသင့်အတင့် ရိပ်မိကြဟန် အနီးသို့ မသိမသာ စုဝေး၍ ရောက်လာကြလေ၏။

သို့သော် အရေးရှိက အသင့်ရှိကြစေရန်ဟုဆိုသော်လည်း ရဲဘော်တွေလက်ထဲတွင် ဘာမှမရှိပေ။ အသင့်ရှိရန်ဟူသော စကားမှာ မိမိတို့အဖနိုင်ငံတော်ကြီးအတွက် အသေခံရန် အသင့်ရှိကြောင်း ဆိုလိုခြင်းပင် ဖြစ်ဟန်တူ၏။ သို့ရာတွင် တစ်နည်းအားဖြင့်ကား မိမိတို့မိဘဆရာကဲ့သို့ တစ်ဦးတည်းသော ကိုးကွယ်အားထားရာ ဗိုလ်ကလေး မြဒင်အား အသက်ကိုရှေ့ကထား၍ ခုခံကာကွယ်ရန်လည်း ဖြစ်နိုင်၏။ မိမိတို့အသက်များ အရင်သေဆုံးပြီးမှ ဆရာကျေးဇူးရှင်အား သေဆုံးစေမည်ဟူသော သဘောမျိုးလား မပြောတတ်ပေ။

ဂျပန်များ အနားသို့ရောက်လာ၏။ မြဒင်က ချိုပြုံးသောမျက်နှာဖြင့်ပင် ခရီးဦးကြိုနှုတ်ဆက်ခေါ်ငင်လိုက်၏။ ထိုဂျပန်များကား မိမိတို့နှင့်နေ့စဉ် တွေ့ဆုံနေရသည့် ဂျပန်အောက်တန်းစားများမဟုတ်ဘဲ အနည်းငယ်အထက်တန်းကျကျ ရာထူးရှိသော ဂျပန်များဖြစ်ရာ တစ်စုံတစ်ခု ထူးသည့်အကြောင်းကိုမူ မြဒင်စိတ်ထဲတွင် တွေးမိလေ၏။

"ဘာကိစ္စ အရေးကြီးသလဲ မာစတာ" ဟု မြဒင်က ရှေ့မေးလိုက်ရာ ဂျပန်များသည် ရုတ်တရက်ပြန်မပြောသေးဘဲ ရဲဘော်များရှိရာကို စူးစိုက်၍ ကြည့်နေကြပြီးနောက် တစ်ယောက်ကိုတစ်ယောက် အချင်းချင်းလှမ်း၍ စကားတစ်ခွန်းနှစ်ခွန်း ပြောဆိုနေကြလေ၏။ ထိုစကားများတွင် (ကောင်းပမလား) (ကောင်းပါတယ်) (လွှတ်လိုက်ပေါ့) စသော မြန်မာရဲဘော်များ နားလည်သည့် စကားအရိပ်အမြွက် တစ်လုံးစနှစ်လုံးစကို ကြားရလေ၏။ ရဲဘော်များလည်း မိမိတို့ထင်သည့်အတိုင်း စကန်ဟုတ်နေပြီအကြောင်းကို ရိပ်မိတွေးတောမိသကဲ့သို့ မိမိတို့ဆရာ မြဒင်၏မျက်နှာကို လှမ်း၍ကြည့်ကြ၏။ မြဒင်၏အမူအရာကား မထူးခြားဘဲ မိမိရဲဘော်များအား အသာအရိပ်အခြေ ကြည့်၍နေရန် ဟန့်တားသောအမူအရာကိုပြလိုက်လေ၏။

"ဘိရမာ–မာစတာ အခု ခင်ဗျားလူတွေအားလုံး သွားနိုင်ပြီ၊ သွားချင်ရာသွားပါတော့" အချင်းချင်း ကွိကွိ ကွကွပြောရာမှ ဂျပန်တစ်ယောက်က မြဒင်ကို ဂျပန်စကားဖြင့် လှမ်း၍ပြောလိုက်လေ၏။ ၎င်း၏မျက်နှာမှာကား ထိုစကားကို ပြောရသည့်အတွက် လိုလားပုံမရပေ။ ထိုသို့ လိုလားပုံမရသော်လည်း ဒေါသဆောင်၍ မျက်မှောင်ကြုတ် စိတ်ဆိုးသောအမူအရာမျိုးလည်း မပေါ် မတွေ့ရသဖြင့် မြဒင်နှင့် ရဲဘော်တစ်စုတို့မှာ ရုတ်တရက် မတွေးတတ်သလို အားလုံးငေးမော၍ ကြည့်နေမိကြလေ၏။

"ကျုပ်တို့ ဘယ်ကိုသွားရမလဲ မာစတာ၊ ဘာဖြစ်လို့လဲ" ဟု မြဒင်က နားမလည်သလို ပြန်၍မေးလိုက်လေ၏။

ထိုအခါတွင် ဂျပန်များမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး သာ၍မျက်နှာမသာမယာ ညှိုးငယ်သွားသော အမူအရာမျိုး ပေါ်၍လာရာမှ မြဒင်နှင့်ရဲဘော်များအား တစ်ချက် စိမ်းစိမ်းဝါးဝါးကြည့်နေကြပြီးနောက် မြဒင်ဘက်သို့လှည့်၍–

"ခင်ဗျားတို့ သွားချင်ရာ သွားနိုင်ပါပြီ၊ ဒီနေ့ကစပြီး ကျုပ်တို့ ခင်ဗျားတို့ကို ဘာမှမလုပ်တော့ဘူး" ဟု မျက်နှာရော၊ အမူအရာပါ တကယ့်ချိုသာသော အသံမျိုးဖြင့် ပြောလေ၏။

ဤတွင်မှ ဂျပန်တို့၏စေတနာမှာ တကယ့်စေတနာဖြင့် ပြောနေကြောင်း အကဲခတ်မိ၍လာ၏။ သို့သော် မည်သည့်အတွက်ကြောင့် ဤကဲ့သို့ သဘောကောင်းစွာ လတ်တလော စေတနာတွေ ပေါက်၍ လာသည့်အကြောင်းကိုမူ မတွေးနိုင်အောင် ရှိလေ၏။

ယခု မိမိတို့နှင့်တွေ့ရသော ဂျပန်များမှာ အားလုံးလိုလို သဘောကောင်းကြသူများဖြစ်သည်ကို တွေ့ရ၏။ သို့သော် ဂျပန်လူမျိုးများသည် အလွန်ကောက်ကျစ်စဉ်းလဲ ပရိယာယ်ဉာဏ်များသည်ကိုလည်း သိပြီးဖြစ်၏။

မိမိတို့အား သွားချင်ရာသွားဆို၍ ဘောမဲ့လွှတ်လိုက်ပြီးမှ နောက်မှ ချောင်းကောင်းကောင်းနေရာတစ်ခုက အလစ်မချောင်း၍ ပစ်သတ်ရန်ကြံလေသလားဟူ၍လည်း တွေးမိ၏။ ထို့ကြောင့် ဂျပန်များ၏စကားကို မြဒင်မှာ မစဉ်းစားမဆုံးဖြတ်နိုင်လောက်အောင် ဖြစ်၍နေလေ၏။

"မာစတာ ကျုပ်တို့ ဘယ်ကိုမှမသွားချင်ဘူး။ မာစတာတို့နဲ့ ကျုပ်တို့အတူတူပဲနေမယ်။ ဘိရမာ–နိပ္ပန်နော် အတူတူပဲရှိတယ်၊ ညီအစ်ကိုတွေပဲ" ဟု မြဒင်က ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

ဂျပန်များသည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်၍နေ၏။ ၎င်းတို့မျက်နှာမှာ ရွှင်လန်းပုံမရ၊ သက်ပြင်းကို မသိမသာ တစ်ချက်ချလိုက်ကြကာ ခေါင်းကို ဖြည်းညှင်းစွာ ရမ်း၍ပြလေ၏။

"သွားလေ၊ သွားလေ ဘိရှမာစတာ သွားပါ၊ ကောင်းတယ်၊ ခင်ဗျားတို့အားလုံး ဒီနေ့ကစပြီး သွားချင်ရာသွားနိုင်ပြီ သွားပါ" ဟု မြဒင်မှတစ်ဆင့် ရဲဘော်တစ်စုတို့ကို ကြည့်၍ပြောလေ၏။ ထိုသို့ပြောပြီး ဂျပန်များသည် မြဒင်အား နှုတ်ဆက်၍ ထွက်သွားကြလေ၏။

အရေးကြီးသော အကြောင်းတစ်ခုတစ်ရာကား ပေါ်ပေါက်လာသည်မှာ အမှန်ဖြစ်ကြောင်းကို မြဒင်တို့ ရဲဘော်တစ်စုမှာ တွေးတောမိကြ၏။ သို့သော် မည်သည့် အကြောင်းဆိုသည်ကိုသာ တပ်အပ်သေချာ မသိနိုင်ဘဲ ရှိလေ၏။

မြဒင်သည် ဂျပန်များထွက်သွားရာနောက်သို့ ကပျာကယာထ၍လိုက်သွားပြီးနောက် "မာစတာ ကျုပ်တို့ မသွားဘူးနော်။ မာစတာတို့နဲ့ ကျုပ်တို့ခွဲပြီး ဘယ်ကိုမှ မသွားချင်ဘူး။ ဒီမှာပဲ မာစတာတို့နဲ့ အတူတူနေမယ်။ သေလည်း မာစတာတို့နဲ့ပဲ အတူတူသေမယ်" ဟု ပရိယာယ်သုံးသောသဘောဖြင့် ၎င်းတို့နောက်မှ တတွတ်တွတ်လိုက်၍ပြောလေ၏။ မြဒင်၏စကားများကိုကြားလျှင် ဂျပန်များသည် နဂိုစိတ်မချမ်းသာကြသည့် ပုံပန်းလက္ခဏာတွင် အကြီးအကျယ် စိတ်ညစ်သွားသကဲ့သို့ မြဒင်၏စကားများကို နားထောင်ကာ မြဒင်၏မျက်နှာကို ရပ်၍ကြည့်နေကြလေ၏။

"ဘိရှမာ မာစတာ သွားပါ၊ ဒီမှာမကောင်းဘူး ရှိတယ်က၊ ခင်ဗျားတို့အားလုံး သွားနိုင်ကြပါပြီ"

"မသွားဘူးလေ၊ ကျုပ်တို့ ဘယ်မှမသွားချင်ဘူး မာစတာတို့နဲ့ အတူတူနေမယ်"

မြဒင်သည် ဖွတ်တိုး၍ပြန်ပြောရင်း ယခင်ရဲဘော်များ ပြောသည့် ဂျပန်များစခန်းရှိရာသို့ မသိမသာ အကဲခတ်သလို စောင်းမြှောင်းကြည့်လိုက်လေ၏။ ထိုသို့ကြည့်သည့် အခိုက်တွင်ပင် ဂျပန်တစ်ယောက်သည် ယိမ်းယိမ်းယိုင်ယိုင်ဖြင့် အပေါက်ဝမှ ပြေးထွက်လာပြီး အားပြတ်သောခြေလှမ်းတို့ဖြင့် အပြင်သို့ သုံးလေးလှမ်းလောက် လှမ်းမိသည်နှင့်တစ်ပြိုင်နက် သေနတ်တစ်ခုတစ်ခုကို ခံစားလိုက်ရသကဲ့သို့ ညည်းညူကာ ဗိုက်ကိုနှိပ်၍ ဒူးနံခနဲ လဲ၍သွားသည်ကို တွေ့ရလေ၏။

ထိုအခြင်းအရာကို တွေ့ရသော ဂျပန်များသည်လည်း မျက်စိမျက်နှာပျက်ကာ အချင်းချင်းဟစ်အော်၍ ယခင်လဲကျသွားသော ဂျပန်ဆီသို့ အတင်းပြေးသွားကြလေ၏၊

"မာစတာ ဘာဖြစ်သလဲ မာစတာ" ဟု မြဒင်ကလည်း ၎င်းတို့အကဲကို သိလိုခြင်းဖြင့် နောက်မှ ယက်ကြပ်မကွာ လိုက်၍သွားလေ၏။ ယခင်လဲကျသွားသော ဂျပန်အနီးသို့ရောက်လျှင် ဂျပန်များမှာ တစ်ယောက်ကိုတစ်ယောက်သာ အော်ကျယ်ဟစ်ကျယ် စကားများကို လှမ်း၍ပြောဆိုနေကြသော်လည်း ယခင်ဂျပန်များအနားသို့ရောက်အောင် မသွားရပေ။ ၎င်းတို့ မျက်နှာအမူအရာတို့မှာ အလွန်တုန်လှုပ်ချောက်ချားဟန် ရှိကြသည်ကို တွေ့ရလေ၏။

မြဒင်မှာ ၎င်းတို့အကဲကို မခတ်နိုင်အောင် ရှိလေ၏။ ထိုအခိုက် ယခင်လဲကျသွားသော ဂျပန်မှာ မြေပေါ်၌ လူးလိမ့်ကာ ပြင်းထန်သော ဝေဒနာကိုခံစားနေရသလို ညည်းညူ၍နေသည်ကို တွေ့ရလျှင် နဂိုကပင် ဆရာဝန်စိတ်ရှိလျက် ကြင်နာတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ရပ်၍ကြည့်မနေနိုင်ဘဲ....

"ဟို မာစတာ ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား" ဟု ပြောပြောဆိုဆို လူးလိမ့်နေသော ဂျပန်ရှိရာသို့ ပြေးလွှားသွားမည့်ဟန် ယူလိုက်စဉ် ယခင်ဂျပန်များသည် မြဒင်၏ လက်ကို ဆွဲ၍ထားလိုက်ကြပြီးနောက်–

"ဘိရှမာစတာ မသွားနဲ့ မသွားနဲ့၊ မကောင်းဘူးက၊ မသွားနဲ့" ဟု ပြောဆိုတားဆီးထားကြလေ၏။ ပထမသော် မြဒင်မှာ တွေး၍မရနိုင်အောင် ရှိသော်လည်း မြေပေါ်တွင် လိမ့်ကာ အော့အန်ဗိုက်နှိပ်၍နေသော ဂျပန်၏မနီးမဝေးမှ အညစ်အကြေးတို့ကို မြင်လိုက်ရသည့်အခါမှ ယခင် ဓာတ်ရှပ်ကြီးမှာ အစင်းသားပေါ်၍လာလေ၏။

ဤတွင်မှ ဂျပန်များ ယောက်ယက်ခတ်ကာ အခြေအနေ ဂွကျနေပျက်နေကြသည်ကို ရိပ်မိသိရှိ၍လာ၏။ မိမိတို့အား အားလုံးသွားနိုင်ခွင့်ပြုသည့်အကြောင်းကိုလည်း ဤတွင်မှ တွေးတောသိမြင်၍ လာ၏။ စိတ်ကောင်းရှိသော ဂျပန်တစ်စုပေဟူ၍လည်း စိတ်ထဲမှ ချီးကျူးမိကာ

www.burmeseclassic.com



မိမိတို့ အတွေးမှားမိသည်တို့ကို နှောင်တရမိလေ၏။

ဂျပန်များအား ၎င်းတို့ စခန်းအတွင်း၌ အနေအထိုင် အစားအသောက် ချို့ငဲ့ဆင်းရဲခြင်းဒဏ်ကြောင့် လူမသိသူမသိ ဝမ်းရောဂါ အကြီးအကျယ်ဖြစ်၍နေခြင်းပင်ဖြစ်၏။

* * *

| ၄ |

ဂျပန်များသည် စစ်တိုက်ရာတွင် အသေခံအရဲဆုံးသော သူများဖြစ်၏။ သို့သော် ထိုအသေခံအရဲဆုံးသော ဂျပန်များသည် ရောဂါတစ်ခုခု ကျရောက်ဖြစ်ပွားမည်ကို အကြောက်ဆုံးသူများဖြစ်ကြ၏။ ၎င်းတို့ကြောက်ကြသည်မှာ တိုင်းပြည်အတွက် မတိုက်ခိုက်ရဘဲ၊ မသေထိုက်ဘဲ မသေဆုံးလိုခြင်းပင် ဖြစ်ဟန်တူပေ၏။

တောကြီးမျက်မည်းကြီးထဲတွင် အနေအထိုင် အစားအသောက် ချို့ငဲ့ဆင်းရဲလှသည်တွင် စစ်ရေးက တစ်နေ့တစ်ခြား ရှုံးနိမ့်ကာ မဟာမိတ်လေယာဉ်ပျံများကလည်း တစ်နေ့ထက်တစ်နေ့ နေ့စဉ်လို ဗုံးမိုးရွာ၍ချနေရာ ရိက္ခာလမ်း အဆက်အသွယ်များ ပြတ်လျက်ရှိကုန်၏။

နောက်ကြောင်းမှ စစ်ကူဟူ၍ ဘာမျှမရဘဲ တောကြီးအလယ်ကောင်တွင် ဖြစ်ချင်သလိုဖြစ်၍ နေကြလေရာ တစ်နေ့ထက်တစ်နေ့ ဥတုရာသီ အစားအသောက် ချို့တဲ့ညှဉ်းပန်းခြင်းဒဏ်ဖြင့် နောက်ဆုံးတွင် ကပ်ရောဂါအမျိုးမျိုး ဆိုက်ရောက်၍ လာခဲ့ခြင်းမှာ မထူးဆန်းလှပေ။ အစားအစာပင် နပ်မှန်မှန်လုံလောက်ပြည့်စုံအောင် မစားနိုင်မရနိုင်သော ဂျပန်များသည် အဘယ်မှာ ဆေးဝါးများကို လုံလောက်ပြည့်စုံအောင် ရနိုင်တော့မည်နည်း။ သနားဖွယ်ကောင်းလှသော စစ်သားများပင်တည်း။ ဂျပန်များသည် ကမ္ဘာပေါ်တွင် အောက်တန်းအနိမ့်ဆုံးနှင့် အဆင်းရဲဆုံး စစ်သည်များဖြစ်ကြပေသည်။

ထို့ကြောင့်ပင် အနည်းငယ်စိတ်ကောင်းသဘောကလေးမျိုး မွေးမိဟန်တူပေသော ဂျပန်တစ်စုသည် မိမိတို့ သေကြေပျက်စီးရမည့်အတူတူ မထူးတော့ဟူသောသဘောမျိုးဖြင့် မြဒင်တို့လူစုအား ဘေးလွတ်ရာသို့ ဘေးမဲ့ပေး၍ မောင်းနှင်ထုတ်လွှတ်လိုက်ခြင်းဖြစ်ဟန်တူ၏။ မိုက်မဲကြမ်းကြုတ်သော ဂျပန်အများတွင် ဤလိုစိတ်ကောင်းကလေးမျိုးရှိသော ဂျပန်အချို့လည်း ရှိချေသေး၏တကား။ ဤလောကသည် မျှော်လင့်ဖွယ်ဆုံးအောင် လုံးဝတရားမမဲ့သေးပေ။

သို့သော် မြဒင်တို့လူစုသည် မိမိတို့ကဲ့သို့ပင် ခေါင်းတစ်လုံး၊ ပခုံးနှစ်ဖက်၊ ခြေလက်ဆင်တူရှိသော ဒုက္ခသည်တစ်စုကို စွန့်ပစ်သွားရက်နိုင်ပါမည်လော။

မြဒင်သည် ဂျပန်များဆွဲထားသည့်အတွင်းမှပင် ရန်းထွက်ကာ ယခင် လူးလိမ့်နေသော ဂျပန်ရှိရာသို့ အတင်းဖွတ်တိုး၍သွားလေ၏။ ထို့နောက် ဂျပန်အား ယုယစွာကိုင်တွယ်စမ်းသပ်ကြည့်ရာမှ အနီးအနားရှိ ဂျပန်များကို အော်ဟစ်ခေါ်ယူလျက် မိမိကိုယ်တိုင် မကြောက်မရွံ့ ခေါင်းဆောင်၍ လူနာဂျပန်ကို ဘေးလွတ်ကင်းရာနေရာတစ်ခုသို့ ခေါ်သွားလေ၏။ ထို့နောက် ဂျပန်အား ကိုယ်ဖိရင်ဖိ ယုယစွာ ပြုစုလေ၏။

ကိုယ်တိုင်က ယခင် ဆေးကျောင်းသားတစ်ဦးဖြစ်ခဲ့ရာ ဤကိစ္စမျိုးတွင် မကြောက်မရွံ့ ဦးမလေးဘဲ သာမညသူများထက်လည်း နားလည်ကျွမ်းကျင်သူဖြစ်သည့်အလျောက် မြဒင်အတွက်ပင် ယခုကိစ္စမှာ အရေးကြီးကြောက်မက်ဖွယ်ကောင်းသည့် ကိစ္စတစ်ခုဟူ၍ မထင်မိပေ။

ဂျပန်များသည် မြဒင်၏လုပ်ပုံကိုင်ပုံနှင့်တကွ စိတ်သဘောထား ကြီးမြတ်လှသော မြဒင်အား အံ့သြစွာကြည့်နေကြလေ၏။ ဤတွင်မှ ဆေးကျောင်းသားဟောင်းတစ်ဦးဖြစ်ခဲ့သော မြဒင်အကြောင်းကို သိရလေ၏။

သို့သော် လူမသိသူမသိဘဲ အတွင်းကျိတ်၍ ဖြစ်နေသော ဝမ်းရောဂါမျိုးစေ့ကား ဂျပန်တပ်စခန်းအတွင်း၌ အတော်ပျံ့ပွား၍နေချေပြီ။ အဆောက်အအုံ အတော်ကြီးမား၍ နေ၏။

ဆေးဝါးကလည်း ပြည့်စုံအောင်မရှိ၊ အစားအသောက်ကလည်း အလွန်ဆင်းရဲချို့တဲ့လှပေရာ မည်သို့ပင် မြဒင် အစွမ်းကောင်းလှသည်ဆိုသည့်တိုင် သိကြားမင်းနကင်းကြီးဖြင့် ဆင်း၍ ကုသသော်လည်း ကယ်စွမ်းနိုင်မည့် အခြေအနေမျိုး မဟုတ်တော့ပေ။

မြေနိမ့်ရာလှံစိုက်ဆိုသလို လေယာဉ်ပျံများကလည်း နေ့စဉ်လိုလိုလာ၏။ လာတိုင်း ဗုံးမိုးလာဘ်သပ်ပကာတို့ကို ချ၍သွား၏။ လေယာဉ်ပျံလာတိုင်း ဗုံးမိုးရွာတိုင်း အကြောက်ဓာတ်အားကြီးသော ဂျပန်များသည် ထိုရောဂါကို တစ်မျိုးအားပေးသလို ရှိရာ နေ့စဉ် ဂျပန်များ၏ သနားစ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





ရာ ဝိညာဉ်တို့သည် တင်နော်ဟောကာ ၎င်းတို့ဘုရင်မင်း မြတ်ထံ အခစားဝင်ရန် သွားကြရရှာ၏။

ဝမ်းသမား ဂျပန်တို့အား ဗိုက်ကလေးနိုပ်ကာ မျက်ဖြူကလေးဆိုက်ကာ မျက်လုံးကလေး ပေကလပ်ပေကလပ်ဖြင့် ဟိုနေရာတစ်ယောက် သည်နေရာတစ်ယောက်ဖြင့် အနံ့အပြား ဝေဒနာကို ခံစား၍နေကြလေ၏။ ဝိညာဉ်ကွယ်ပျောက်ပြီးသော ဂျပန်များမှာလည်း တစ်နေ့တစ်ယောက်နှစ်ယောက်ဖြင့် မှန်မှန်ကြီး စခန်းသွားလျက် ရှိလေ၏။

မကြာမီ မြဒင်တို့၏ မြန်မာစခန်းသို့ပင် ကူးစက်၍လာ၏။ မြန်မာစစ်သားရဲဘော်ကလေးတစ်ယောက်နှစ်ယောက်ပင် ဖိတ်စင်၍သွားရလေ၏။ မြဒင်၏ အသည်းနိုက်စရာ အကြောင်းပင်တည်း။ အခြားလူများထက် မြဒင်မှာ ထိုကိစ္စမျိုးတွင် တတ်ကျွမ်းနားလည်သူတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ယောက်တည်း ဗျာများ၍နေ၏။ မိမိတို့ ဆရာလုပ်သူတွင် အလုပ်များ၍နေရာ တပည့်ရဲဘော်များမှာလည်း မနေအားနိုင်ဘဲ ဆရာ့နောက်သို့လိုက်ပါကူညီလုပ်ကိုင်ပေးရခြင်းဖြင့် မကြာမီအလုပ်ပင်ပန်းအစားပျက်ခြင်းဒဏ်ကြောင့် ရောဂါစွဲကပ်လာခဲ့ရခြင်းဖြစ်၏။

နောက်ဆုံးတွင်ကား ဆရာမနိုင် နှစ်ဆောင်ပြိုင်ဆိုသော စကားကဲ့သို့ ဂျပန်–မြန်မာ စခန်းနှစ်ခုစလုံးတွင် ဝမ်းရောဂါ အကြီးအကျယ် ပျံ့နှံ့ဖြစ်ပွား၍လာရာ တစ်နေ့တွင် ဂျပန်စစ်ဗိုလ်အမိန့်ဖြင့် မြန်မာရဲဘော်တပ်သားများ ဤစခန်းမှ ချက်ချင်းထွက်ခွာသွားရန်အမိန့်ရောက်လေ၏။

ထိုအမိန့်အတိုင်း ရဲဘော်များကား သွားလိုကြ၏။ အချို့ရဲဘော်များမှာ ရောဂါကို အလွန်အကြူးကြောက်၍နေကြလေပြီ။ ရဲဘော်တိုင်း တိုက်ပွဲမှန်သမျှ သူရဲကောင်းအစစ်များဖြစ်ကြသော်လည်း မမြင်ရသော ရန်သူကို မည်သည့်လက်နက်မျိုးဖြင့် တိုက်ခိုက်ချေမှုန်းရမည်ကို မသိသော အခြေအနေမျိုးသို့ ဆိုက်ရောက်၍နေသဖြင့် ယခုအကြိမ်တွင် ရဲဘော်တို့အတွက် စိတ်ပျက်အားငယ်ဆုံးအချိန်ဖြစ်လေ၏။ မိမိတို့ဘဝကိုလည်း အရှည်းနှီးအဆုံးမခံလိုကြပေ။

သို့သော် မိမိတို့အစ်ကိုကြီး အဘအရာ ဆရာရင်းမြဒင်အတွက် အခက်ကြုံရလေ၏။ မြဒင်သဘောကား မည်သို့နည်း။

"ကဲ ရဲဘော်တွေ အားလုံး ဆရာ့အနားကိုလာကြစမ်း။ မင်းတို့ ဒီနေ့ ဒီစခန်းက အားလုံးသွားကြရမယ်။ ယူစရာ ငင်စရာရှိတဲ့ အထုပ်အပိုးတွေကို အားလုံး အဆင်သင့် သွားပြင်ထားကြပေတော့"

မြဒင်သည် မိမိ၏သားတပည့်များဖြစ်သော ရဲဘော်များကိုခေါ်၍ အမိန့်ပေးလေ၏။ မြဒင်၏အမိန့် ဆုံးသည့်အခါ ရဲဘော်များသည် ရုတ်တရက်ထွက်၍ မသွားသေးဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် မသိမသာကြည့်ကာ မြဒင်၏ရှေ့တွင် ယောင်လည်လည်လုပ်၍ ရပ်မြဲရပ်နေကြလေ၏။

"ကဲ... သွားကြပေတော့၊ မင်းတို့ယူချင်တဲ့ အထုပ်အပိုးကလေးတွေကို သွားပြင်ထားကြ။ ကနေ့ နေမကုန်ခင် အားလုံးထွက်ကြရမယ်။ ဒီစခန်းမှာတော့ ကြာကြာနေဖို့ မသင့်ဘူး"ဟု ရဲဘော်တွေ မသွားသေးသဖြင့် မြဒင်က ဆက်၍ပြောလေ၏။ သို့သော် ရဲဘော်တွေကား နေရာမှ မဆုတ်သေးပေ။

"ကဲ ... ရဲဘော်တွေ လုပ်ကြ၊ သွားကြလေ" ဟု နောက်တစ်ကြိမ် အမိန့်ပေးလိုက်သောအခါမှ–

"ဆရာကော၊ ဒေါက်တာကော၊ အဘကော" ဟု ရဲဘော်များသည် မြဒင်၏အမိန့်ကို မလွန်ဆန်ရဲသကဲ့သို့ ခပ်ရွံ့ရွံ့နှင့်ပင် အသီးသီးမေးကြလေ၏။

မြဒင်သည် ရဲဘော်များ၏မျက်နှာကိုကြည့်၍ တွေနေ၏။ ထိုသို့တွေနေရာမှ ငေး၍သွား၏။ ရုတ်တရက် မိမိစကားကို ပြောဖို့ခက် မထွက်သလိုရှိဟန်တူ၏။

"အေး ငါကတော့ ဒီမှာပဲနေခဲ့တော့မယ်။ ငါသွားလို့မဖြစ်ဘူး။ ငါသွားလို့လည်း ဘာမှထူးမှာမဟုတ်ဘူး။ မထူးမယ့် အတူတူ ငါတော့ ဒီမှာပဲ နေခဲ့မယ်။ မင်းတို့တတွေ သွားကြ"

မြဒင်သည် ရဲဘော်များ၏မျက်နှာကိုကြည့်ရင်း ပြောရာမှ ပြောရင်း မျက်နှာမထားတတ်သလို ကစ်ဖက်သို့လှည့်၍သွားလေ၏။ ၎င်းအသံမှာ မှုမမှန်ပေ။

ထိုမှုမမှန်သောစကားများကို ကြားရသော ရဲဘော်များမှာလည်း ရင်ထဲဆို့မတတ် ဖြစ်သွားကြလေ၏။ စကား၏ အဓိပ္ပာယ် မကောင်းလှပုံနှင့်တကွ မိမိတို့ဆရာ့မှာ မည်သည့်အခါမှ ဤကဲ့သို့ "မင်း–ငါ" စသည်ဖြင့် တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းမာမာ မပြောခဲ့ဖူးသည်တစ်ကြောင်းကို တွေးရင်း ရင်ဆို့သွားကြလေ၏။ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်း၍ကြည့်နေကြ၏။

"ဟာ ဆရာမပါရင် ကျွန်တော်တို့ချည်းပဲ ဘယ်သွားလို့ကောင်းမလဲဆရာ၊ ဆရာ့ကို ကျွန်တော်တို့ ထားခဲ့ပြီး သွားလို့လည်း ဘယ်သင့်တော်မလဲဆရာ" ဟု အနည်းငယ် ရဲဟန်ရှိသော ရဲဘော်တပည့်တစ်ယောက်က စ၍ပြောလိုက်လေ၏။

"အဘမပါဘဲ ကျွန်တော်တို့ချည်းသွားလို့ ဘယ်ကောင်းနိုင်မလဲ အဘရယ်။ အဘပါလိုက်မှပေါ့။ အဘတစ်ယောက်တည်းလည်း ကျွန်တော်တို့ မထားခဲ့နိုင်ပါဘူး" ဟု အခြားရဲဘော်တစ်ယောက်က ထပ်၍ပြောလေ၏။

"ဒေါက်တာမပါရင် ကျွန်တော်တို့ချည်းဖြင့် မသွားချင်ဘူး ဒေါက်တာရယ်။ ဒေါက်တာမပါဘဲ ကျွန်တော်တို့ချည်း သွားရမယ့်အစား ဒီမှာပဲ အတူတူစုပြီး အားလုံးသေကြရတာက ကောင်းသေးတယ်။ ကျွန်တော်တို့ချည်းတော့ ဒေါက်တာ့ကိုခွဲပြီး မသွားပါရစေနဲ့ ဒေါက်တာရယ်"ဟု အခြားရဲဘော်များလည်း အသီးသီးတစ်ယောက်တစ်ပေါက် ပြောကြလေ၏။ မြဒင်သည် ရဲဘော်များ၏စကားကို တွေ၍နားထောင်နေ၏။ မျက်နှာကား သိသိသာသာမကောင်းပေ။ ထို့နောက် ခေါင်းကိုရမ်းကာ "မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရဲဘော်တို့ ဆရာ့စကားကို နားထောင်။ မင်းတို့ဒီမှာ နေဖို့ မသင့်ဘူး ရဲဘော်တို့။ ဒီမှာနေလို့လည်း ဘာမှအကျိုးရှိမှာမဟုတ်ဘူး။ အဲဒီတော့ သွားမှဖြစ်မယ်။ အကျိုးမရှိတဲ့နေရာမှာနေလို့ ဘာအကျိုးထူးဦးမှာလဲ။ အလဟဿသေလို့လည်း ဘာအကျိုးရှိမှာလဲ။ ဒီမှာနေလို့မဖြစ်ဘူး၊ သွားကြ ငါ့တပည့်တို့ သွားကြ" ပြောရင်း မြဒင်၏အသံမှာ တုန်ရီ၍သွားသလို ရှိလေ၏။

"မသွားပါရစေနဲ့ ဒေါက်တာရယ်၊ ကျွန်တော်တို့ချည်း..." ရဲဘော်များ၏စကားမဆုံးမီ မြဒင်၏မျက်နှာမှာ ရုတ်တရက်တင်းမာ၍လာသလိုရှိရာမှ-

"အို မသွားလို့ဘယ်ဖြစ်မလဲလေ၊ အကျိုးမထူးတဲ့ နေရာမှာနေလို့ ဘာအကျိုးထူးမှာလဲ။ ရဲဘော်တို့ သွားမှဖြစ်မယ်၊ သွားရမယ်လေ"

"မသွားပါရစေနဲ့ အဘရယ်"

"အို သွားရမယ်ဆိုတာ ဘာလို့မသွားရမှာလဲ။ အမိန့်ကွ ဒါငါ့အမိန့်ပေးနေတာ။ မင်းတို့သွားရမယ်။ ဒီမှာနေလို့ ဘာမှအကျိုးမရှိဘူး။ ဒါကြောင့် သွားရမယ်။ ငါ့အမိန့်နဲ့..."

ရဲဘော်များမှာ ဘာမှပြန်မပြောဝံ့ကြတော့ပဲ တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်း၍ ကြည့်ကြရာမှ အသီးသီး ခေါင်းငိုက်စိုက်ကျသွားကြလေ၏။

"စစ်သားဆိုတာ အလဟဿအကျိုးမရှိဘဲ ဘယ်နေရာမှာမှ မနေရဘူး၊ မသေရဘူး။ အကျိုးမရှိဘဲ ဘယ်နေရာမှာမှ အချိန်မဖြုန်းရဘူး၊ အခု မြန်မာပြည်ကြီးဟာ အင်မတန်အရေးကြီးနေတဲ့ အချိန်ရောက်နေတယ်ဆိုတာ မင်းတို့သိတဲ့အတိုင်းပဲ။ အဲဒီတော့ ဒီအချိန်မှာ ရဲဘော်တို့ဟာ အများကြီး အသုံးဝင်နိုင်တယ်။ ဒီမှာနေလို့ ဘာမျှအကျိုးမရှိနိုင်ဘူး။ ဒါကြောင့် ရဲဘော်တို့ သွားကြရမယ်။ ဒီမှာနေဖို့ မသင့်ဘူး။ ရဲဘော်တို့ဟာ အဖနိုင်ငံကြီးရဲ့တာဝန်ကို အများကြီး ထမ်းဆောင်ဖို့ အချိန်တွေရှိသေးတယ်။ ရဲဘော်တို့ အကျိုးအတွက်နဲ့ မြန်မာပြည်ကြီးရဲ့အကျိုးအတွက်ကိုပါ ကျုပ်ပြောနေတာ၊ ကျုပ်စကားကို နားထောင်ကြပါ"

ထိုသို့ မြဒင်ပြောစဉ် ရဲဘော်အချို့ထံမှ မသိမသာ ရှိုက်လိုက်သောအသံတစ်ချက်နှစ်ချက်ကို ကြားရလေ၏။ မြဒင်က ဆက်၍-

"ရဲဘော်တွေကို ကျုပ်ယုံကြည်တယ်၊ ရဲဘော်တွေ စေတနာကို ကျုပ်ကြည်ညိုတယ်၊ ကျုပ်အားကိုးတယ်။ ဒါပေမဲ့ အခု ကျုပ်မလိုက်နိုင်တာက ဆေးဆရာသဘောမျိုးနဲ့ကြည့်ပြီး မျက်စိအောက်မှာ ဝေဒနာခံစားနေရတဲ့ ဒုက္ခသည် လူနာတွေကိုပစ်ပြီး မသွားရက်နိုင်ဘူး။ ဆရာဆိုတာ ဂျပန်မှ မြန်မာမှမဟုတ်ဘူး။ ရန်သူ-မိတ်ဆွေမရှိဘူး။ မခွဲကောင်းဘူး။ ဒါကြောင့် ကျုပ် ဒီမှာနေရစ်ခဲ့တာပါ။ ကျုပ်တစ်ယောက်အတွက်နဲ့ ရဲဘော်တွေ အကျိုးမပျက်စီးစေချင်ဘူး။ ဆရာတစ်ယောက်ကြောင့်လည်း ရဲဘော်တွေမှာ ဘာမှ မထူးပါဘူး။ ဒါကြောင့် ဆရာ့စကား နားထောင်ကြပါ။ ဆရာစိတ်ချလက်ချ မှာလိုက်ပါရစေ။ ခုအခါ မြန်မာပြည်ကြီးဟာ အင်မတန်အရေးကြီးနေတဲ့ အချိန်ကောင်းကြီးမှာ အလဟဿ အချိန်မကုန်ချင်ကြပါနဲ့။ အချိန်မီ ကိုယ့်တာဝန်ကိုယ်ထမ်းဖို့ သွားကြပါ။ ဒါပဲ ဆရာပြောချင်တယ်။ ဒီလောက်ပြောရင် ငါ့တပည့်များ ရိပ်မိလောက်ရောပေါ့"

www.burmeseclassic.com



မြဒင်သည် ပြောရင်း အသံများတိမ်၍ဝင်ကာ စကားပြတ်၍သွား၏။ ခေါင်းငိုက်စိုက်ချကာ မြဒင်ပြောသမျှကို နားထောင်နေကြသော ရဲဘော်များကား တုတ်တုတ်မျှမလှုပ်မရှား၊ အသံကလေး တစ်ချက်မျှမကြားရဘဲ တိုတောင်းသော အချိန်ကလေးသည် တောကြီးသာခေါင်အလယ်ရှိ မြန်မာ့တပ်မတော်ကြီးမှ မြန်မာ့တပ်စိတ်ကလေးမှာ မကြုံစဖူး အထူးကြီးထူးစွာ ဆိတ်သုဉ်းငြိမ်သက်၍သွားလေ၏။

ရဲဘော်အချို့၏ တရှုံ့ရှုံ့ရှိုက်သံကလေးများကိုသာ တစ်ခါတစ်ရံ ကြားရ၏။

"ကျွန်တော်တို့ အဘစကားနားထောင်ပါ့မယ်။ အဘအမိန့်အတိုင်း သွားပါတော့မယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲဘော်တွေမှာ အဘတစ်ယောက်တည်း တောကြီးမြက်မည်းအလယ်ကောင်မှာခွဲသွားရတဲ့အတွက် ရင်ကွဲတာပါပဲ။ မသွားခင် ကျွန်တော်တို့ ရဲဘော်တစ်စု အဘကို ဦးတင် ကန်တော့ခဲ့ပါတယ်" ဟု ခေါင်းဆောင်ရဲဘော်တစ်ဦးက စတင်ကာ မျက်ရည်တွေ ယိုစီးလျက်ရှိသော မျက်လုံးမျက်နှာတို့ဖြင့် စိတ်ကိုကတင်း၍ ပြောလိုက်ရာမှ "ရဲဘော် သတိ" ဟု ငိုသံပါပါဖြင့် အချက်ပေးလိုက်ရာ အားလုံးသောရဲဘော်များသည် မျက်ရည်လည်ရွဲ အူအသည်းခိုက်မတတ် မချိဝမ်းနည်းသော မျက်နှာအမူအရာတို့ဖြင့် ဦးခေါင်းကိုညွှတ်ကာ မြဒင်အား တစ်ပြိုင်တည်း ကန်တော့ကြလေ၏။

"အေး အေး ငါ့တပည့်များ ဘုန်းကြီးလို့ သက်ရှည်ကြပါစေ၊ လိုရာခရီးကို ခလုတ်မထိ ဆူးမငြိဘဲ ကောင်းကောင်းမွန်မွန် ချောချောမောမော ရောက်လို့ အဖနိုင်ငံတော်ကြီးရဲ့အကျိုးကို သက်စွန့်ကြိုးပမ်းသယ်ပိုးရွက်ဆောင်နိုင်ကြပါစေဗျာ၊ သာဓု...သာဓု..."

သာဓုသုံးကြိမ်ကိုပင် ပြည့်အောင်ဆုမပေးနိုင်ဘဲ မြဒင်သည် မျက်နှာကို တစ်ဖက်သို့လွှဲလိုက်လေ၏။ ရဲဘော်များဘက်ဆီသို့ တစောင်းမျှ တိမ်းလှည့်၍နေသော မြဒင်၏ ခေါင်းတစ်ခုလုံးကား တုန်တုန်ရီရီလှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို တွေ့ရလေ၏။ တစ်ယောက်အပူကို တစ်ယောက် ကြာရှည်စွာမမြင်ရက်၊ မကြည့်ရက်နိုင်သော ရဲဘော်များလည်း ထိုခဏ၌ပင် မြဒင်၏ မျက်မှောက်ပျောက်ကွယ် ထွက်ခွာ၍ လာကြလေသတည်း။

* * *

[ ၅ ]

ဤသို့ဖြင့် မြဒင်နှင့်ရဲဘော်တစ်စုတို့၏ ဒုက္ခတွေ ပင်လယ်ဝေခဲ့သည်။ လူမနီးသူမနီးသည့် တောစခန်း ကြေကွဲဝမ်းနည်းဖွယ် ထိုအဖြစ်အပျက်ဇာတ်လမ်းကလေးကား ဤမျှနှင့် ပြီးဆုံးခဲ့လေ၏။ သို့သော် ယခု အတ္ထုပ္ပတ္တိကား မပြီးဆုံးသေးပေ။

တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ စသော မြန်မာပြည်ကြီး၏ အလူးအလဲခံခဲ့ရသော အချိန်တွေမှာ တဖြည်းဖြည်း ကုန်လွန်ခဲ့၏။ ထိုအချိန်များအတွင်း သေသူလည်းသေခဲ့ရ၏။ ကြေသူလည်း ကြေခဲ့ရ၏။ ဝမ်းနည်းသူလည်း ဝမ်းနည်း၊ ရင်ကွဲသူလည်း ရင်ကွဲခဲ့ကြရလေပြီ။

ကျွန်ုပ်တို့ အထက်တွင်ဆိုခဲ့သည့်အတိုင်း အပြောင်းအလဲရှိရမြဲဖြစ်သော ဤလောကတွင် အဆိုးတွေ့က အကောင်းတွေ့ရစမြဲ။ အပျက်တွေ့က အဖြစ်တွေ့ရစမြဲ ဓမ္မတာအတိုင်း မကြာမီအချိန်သည်လည်း ယခင်မြဒင်တို့နှင့် မြန်မာ–ဂျပန် ဒုက္ခသည် ရဲဘော်တစ်စုတို့အား အမှောင်ကြီးအမှောင်လောက်သော အခါနှာရီသို့ ရောက်၍လာခဲ့ရလေ၏။

အနှစ်နှစ်အလလ တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်၊ တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ကာ (စစ်ကြီး)ဟုခေါ်သော သွေးချောင်းစီးခဲ့သည့် လူသတ်ပွဲကြီးသည်လည်း ပြီးဆုံးခဲ့လေပြီ။ ဂျာမနီ–ဂျပန်များလည်း စစ်ရှုံး၍ လက်နက်ချပြီးခဲ့လေပြီ။ အချိန်ကား တစ်နှစ်ပင် ပြောက်ခဲ့ပြီတကား။ မြဒင်နှင့်တကွ သေကြေပျောက်ဆုံးခဲ့ကြသော ရဲဘော်တစ်စုတို့အား အမှောင်ကြီးမှောင်ကာ ပျော်၍ရွှင်၍ ကောင်းသောအချိန်ပင်တည်း။

*'အောင်တပ်တော်ကြီးလည်း ချီလာပါပြီ၊ ဗမာအာဇာနည် ကမ္ဘာမှာတာရှည်၊ ငါတို့ကြိုဆောင်မည် အောင်ပြီ"* ဟူသော စစ်ချီသီချင်းများ။

*'ရာဇဝင် အတ္ထုပ္ပတ္တိလည်းရှိရမယ်၊ မော်ကွန်းလည်း ထိုးလောက်တဲ့ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်...၊ တိုင်းပြည်ကျိုးစွန့်ခဲ့တဲ့ များဇာနည်နွယ်...'* အစရှိသော ဗိုလ်အောင်ဆန်းသီချင်းများ။

*'သခ္ခါမှုတဲ့ အာရှလူငယ် မောင်မယ်တွေကညီ၊ တစ်ကိုယ်ကောင်းစိတ် ပယ်ရှားကာပင် စေတနာကြည်သင်၊ ခုနေအခါမှာ တို့လူငယ်တွေ စည်းလုံးညီညွတ်ပြီစသော*

www.burmeseclassic.com



အာရုလှုငယ်သီချင်းများ၊ "ရိုင်ဖယ်ကို ကိုင်ဆောင်က နိုင်အောင်သာ တိုက်ပ မောင်ရယ်... ချစ်သူအတွက်ကို နောက်ဆံ မတင်းနဲ့ ထင်လင်းစွာပဲ စိတ်ချယုံကြည်၊ ပြော်...ဝမ်းသာလို့မဆုံးနိုင်တော့တယ်။ စစ်ကိုက်က ပြန်ရင်ကွယ်၊ အလိမ္မာကလေးကို ဆတာက်ထမ်းပိုး ကိုးလို့ ချစ်ပါ့မယ်" ဆိုသည့် စစ်သားနှင့် ချစ်မယား သီချင်းများ။

'စစ်ပြီးရင်လ မောင်ပြန်ခဲ့မယ် စောင့်နေတော်မူဦးကွယ်...' စသော စစ်သားနှင့် အချစ်ရည်းစားသီချင်းတွေလည်း စုံခဲ့ကြပြီ။ စုံသလောက်ဆို၍ကောင်းသော အချိန်သို့လည်း ရောက်ခဲ့ပြီ။

စစ်ကြီးပြီးစ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဘဲ အကြည်လုံးဆိုက်သူများလည်း ဆိုက်နေကြ၏။ ထိုအထဲတွင် ကျိုးသူကန်းသူပဲ့သူရှဲ့သူများလည်း ကျိုးခဲ့ကန်းခဲ့ပဲ့ခဲ့ရှဲ့ခဲ့ကြ၏။ သေကွဲရှင်ကွဲ အမျိုးမျိုးကွဲ၍ အသက်သွေးခဲ မမြဲသူများလည်းပါမည် မုချအနန္တ။

သို့သော် ကျိုးသူပဲ့သူများကား အသက်သေဆုံးရသည့် သူများထက်ကား အခြေတော်ကာ ဖြေဖျော်နိုင်စရာ ရှိသေးရာ စစ်ကြီးပြီးစ သူတစ်ပါးတတွေ ချမ်းသာ၍ ချစ်မဝနိုင်သော အချိန်မျိုးတွင် ထိုကဲ့သို့ သေကွဲ-ရှင်ကွဲ ကွဲရသော သက်ဆိုင်ရာသူများအဖို့ကား အဘယ်သို့ ဖြေဖျော်ဖွယ် ရှိနိုင်မည်နည်း။ ပုထုဇဉ်တွေပါတကား...။

ထို့ကြောင့် အခြားသူများ မေ့သော်လည်း မမေ့နိုင်၊ အခြားသူတွေ ပျော်ကြသော်လည်း မပျော်နိုင်၊ ကပ်စိတ်ဗိုလ်ကလေး မြဒင်ကို စောင့်မျှော်၊ သူ့အတွက်ကိုသာ သတင်းမေး၊ မြဒင်အတွက် သောကမအေးဘဲ အပူင်းဆွေးဆွေး၍နေရှာသော မြဒင်၏ ရည်းစားသည်ခမျာ မမြနှစ်ကလေးမှာကား စစ်ကြီးပြီး၍ တစ်နှစ်ဇေမြောက်သော ယနေ့အချိန်သို့ရောက်သည့်တိုင် မမေ့နိုင်မပျောက်နိုင် မရွှင်နိုင်မလန်းနိုင် ပုထုဇဉ်ပါတကား။

ဂျပန်များ စစ်ရှုံး၍ လက်နက်ချအပ်စဉ်က အရပ်ရပ်မှ ဂျပန်သုံ့ပန်းများကို ခေါ်ဆောင်ယူလာသည့်အခါ မြန်မာပြည်အထက်ပိုင်း နယ်ခြားတောကြီးထဲမှ ဂျပန်သုံ့ပန်းများတွင် ချိုင်းထောက်ကြီးတစ်ခုနှင့် ခြေတစ်ဖက်မရှိသော မြန်မာတစ်ယောက်ကို တွေ့ရသည်ဟူသော သတင်းကို အစပထမကမှ ကြားရ၏။

သို့သော် ထိုသတင်းမှာ မကြာမီ အစပျောက်၍သွားကာ ဂျပန်သုံ့ပန်းများလည်း အရပ်ရပ်အနယ်နယ်ဆိုင်ရာ အလုပ်စခန်းများ ဝေခွဲစေလွှတ်၍ ပို့လိုက်ကုန်၏။ ထို့နောက် ထိုဂျပန်သုံ့ပန်းစခန်းများတွင် လိုက်လံရှာဖွေမေးမြန်းသည့်အခါတွင်လည်း ထိုဗမာစစ်သားအကြောင်းကို မသိရ၊ မတွေ့ရပေ။

ထိုအတွင်း ဂျပန်သုံ့ပန်းတစ်ယောက်နှင့်တွေ့ရာ- "ဘိရုမာစတာတစ်ယောက် ကောင်းကောင်းရှိတယ်၊ မာစတာနော် အစ်ရှ(ဆရာဝန်)ဖြစ်တယ်။ နိပွန်တွေနော် (ဗိုက်ကိုနှိပ်၍ပြကာ)မကောင်းဘူးရှိတယ်နော် သေတယ်က။ ဘိရုမာ အစ်ရှမာစတာနော် နိပွန်ကိုကောင်းကောင်းကြည့်တယ်က... အခုနော် ဘိရုမာ မာစတာမရှိဘူးက။ ဘယ်ကိုသွားကယ် မသိဘူးက။ ကောင်းကောင်းရှိတယ် မာစတာနော်က..." စသည်ဖြင့် မြန်မာစကား မလည်မပတ်ဖြင့် တစ်လုံးစ၊ နှစ်လုံးစ ပြောရာမှ ဂျပန်လိုနားလည်သော ရဲဘော်တစ်ဦးက လိပ်ပတ်လည်အောင် မေးသည့်အခါ-

ထိုသူမှာ မြဒင်ပင်ဖြစ်၍ ဂျပန်များ ဝမ်းရောဂါဖြစ်သည်တွင် ကိုယ်ဖိရင်ဖိပြုစုရာမှ တစ်နေ့တွင် မဟာမိတ်လေယာဉ်ပျံများ တောကြီးတောင်ကြီးများ အတွင်းသို့ ရန်သူများရှင်းလင်းသည့်အနေဖြင့် ဗုံးမိုးအကြီးအကျယ် ရွာချလိုက်သည်တွင် ဂျပန်ပေါင်းများစွာ ထိခိုက်သေကြေ၍ မြဒင်ကိုလည်း ခြေထောက်ကို ဗုံးဆံထိသဖြင့် ခြေတစ်ဖက်ပြတ်သွားကြောင်း ရှင်းလင်းစွာ သိရလေ၏။

ဂျပန်သုံ့ပန်းများကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ရာ၌ ခြေတစ်ဖက်မရှိသော မြန်မာတစ်ယောက်ဆိုသည်မှာ မြဒင်ပင်ဖြစ်သည့်အကြောင်းကို ဤတွင်မှ ကောက်သိမြင်၍ လာလေ၏။

သို့သော် မြန်မာတစ်ယောက်ဖြစ်သဖြင့် မဟာမိတ်တပ်သားများမှာ အထူးဂရုမစိုက်ဘဲ သွားလိုရာသွားနိုင်ကြောင်း ခွင့်ပြုလိုက်ရာတွင် မည်သည့်အရပ်ကို ထွက်သွားသည်မသိ၊ ပျောက်ကွယ်သွားတော့ကြောင်း ဤမျှဖြင့်သာ နောက်ဆုံးသိရလေ၏။ ဤတွင် မြဒင်၏ ဒုတိယခေါက် လမ်းမှာ အဆုံးသတ်ရပြန်၏။

ရည်းစားသည်ကလေး မမြနှစ်ကား ချစ်ဦးရည်းစား စိတ်ထားသဘောထား ပြည့်ဝသော မြဒင်အား ယနေ့တိုင် မမေ့နိုင်ပေ။

"မြရာ၊ ဒီလောက်တောင်ပဲ ပူဆွေးဒုက္ခရောက်မနေပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့။ တစ်နေ့နေ့တွေ့ရမှာပေါ့။ အကြောင်းဖြစ်ရင်လည်း တစ်ခုခု ကြားရမှာပါပဲ။ ကျွန်တော်တို့လည်း ဒေါက်တာရဲ့ အကြောင်းကို အမြဲထောက်လှမ်း စုံစမ်းလျက်ပါပဲ" ဟု မျိုးချစ်တပ်မတော်ဗိုလ်ကလေး ဗိုလ်လှဝင်းက မမြနှစ်အား အမြဲတမ်း ဖျောင်းဖျပြောဆိုလေ၏။

ဗိုလ်လှဝင်းဆိုသည်ကား အခြားမဟုတ်၊ ထိုစဉ်က မြဒင်၏တပည့်ရဲဘော်တစ်ဦးအပါအဝင်ဖြစ်ခဲ့သူတစ်ယောက် ဖြစ်၏။ မြဒင်ကို ခွဲခွာခဲ့ကြပြီးနောက် တော်လှန်ရေး အရေးတော်ပုံတွင် စွန့်စွန့်စားစား ဝင်ရောက်ထမ်းဆောင်ခဲ့ခြင်းဖြင့် ယခုအခါ ရာထူးတက်၍ မျိုးချစ်တပ်မတော်ဗိုလ်ကလေးဘဝသို့ ရောက်လာခဲ့ခြင်း ဖြစ်လေ၏။

မိမိတို့၏ မိဘဆရာသမားအရာထားခဲ့သော သူ၏ ရည်းစားသည်တစ်ဦးဖြစ်သည့်အတိုင်း မြနှစ်ဆီသို့ နေ့တိုင်းလာ၍ အရာရာစောင့်ရှောက်ခဲ့၏။ မြဒင်အကြောင်းနှင့် ပတ်သက်၍ အားပေးစကားပြောခဲ့၏။

မြနှစ်မှာလည်း ဗိုလ်လှဝင်း လာရောက်အားပေးသည့်အခါများတွင် ချစ်ရည်းစားသည်မြဒင်အတွက် စိတ်သက်သာရာရသလို ရှိလေ၏။ ထို့ကြောင့် ဗိုလ်လှဝင်းအလာကိုသာ စောင့်၍မျှော်မိ၏။ ဗိုလ်လှဝင်းလာလျှင် မြဒင်သတင်းကို မေးရမြန်းရခြင်းဖြင့် စိတ်အနည်းငယ်ပြေပျောက်သလိုလိုရှိရာ နောက်ဆုံးတွင် မြနှစ်မှာ ဗိုလ်လှဝင်းလာမှပင် စိတ်ပျော်ရွှင်သလို ရှိလာပေ၏။

အိုးချင်းထား–အိုးချင်းထိဟူသော လောကစကားရှိ၏။ နှစ်ဦးနှစ်ယောက်စလုံး လွတ်လပ်သူ အပျိုနှင့်လူပျိုများလည်း ဖြစ်၍နေရာ မကြာမီတွင် တစ်ဦးအပေါ်တစ်ဦး စိတ်ထားပြောင်းလဲ ဖောက်ပြန်လာမည်ဆိုက ဓမ္မတာအရမည်သူငြင်းနိုင်ပါမည်နည်း။ သဥ္စါမှ ဘယာဟူသော ကမ္ဘာစကားသည် အပူပွားနေသော ထိုသူနှစ်ယောက်ကျမှ အဘယ်သို့ ပြောင်းလဲ၍ စီရင်နိုင်မည်နည်း။

သို့သော် လောကတွင် အမှားမှားအယွင်းယွင်းများ အကြား၌ မီးပြတံတိုင်းကြီးတစ်ခုကား ကာဆီးရပ်တည်၍ နေသေး၏။ ထိုတံတိုင်းမီးပြကြီးကား လူ့လောကနှင့် တိရစ္ဆာန်လောကကို ခွဲခြားထားသော ကိုယ်ကျင့်တရားပင် ဖြစ်၏။ ဗိုလ်လှဝင်းနှင့် မမြနှစ်တို့မှာလည်း ထိုကိုယ်ကျင့်သိက္ခာတရားကလေးတစ်ခုက တားဆီး၍နေခြင်းဖြင့် ဤမျှ ရက်–နေ့–အချိန်နာရီတွေအတွင်း သန့်ရှင်းစင်ကြယ်၍ နေနိုင်ခဲ့ကြခြင်းဖြစ်လေ၏။

ရံဖန်ရံခါ တစ်ယောက်ကိုတစ်ယောက် မရိုးသော မျက်လုံးတို့ဖြင့် ကြည့်မိကြ၏။ တစ်ဦးကိုတစ်ဦး ဆင်ကြံကြံမိကြ၏။ ထိုသို့ အလော်မာမြူး၍လာတိုင်း "မတော်ပါဘူး" ဟူသော ကိုယ်ကျင့်တရားတံတိုင်းက ကာဆီး၍ ပေးလိုက်ကြပြန်၏။

တစ်နေ့နံနက်တွင် ဗိုလ်လှဝင်း၏ မော်တော်ကားကလေး ရောက်လာ၏။

"မြ စိတ်ပြေလက်ပျောက် ဒီနေ့ အောင်ပွဲနှစ်ပတ်လည် အထိမ်းအမှတ်လှည့်ပွဲကို သွားရအောင် ကိုလှဝင်း လာခေါ်တယ်။ ကဲ အဝတ်အစားလဲပါ၊ ကိုလှဝင်း ကားပေါ်က စောင့်နေမယ်"

"အို မြ မလိုက်ချင်ပါဘူး ကိုလှဝင်းရယ်။ သွားပါတော့" ဟု မြနှစ်က ငြင်းနေ၏။

"အို စိတ်ပြေလက်ပျောက်ပေါ့ မြရယ်။ ဒီလိုချည်း တစ်ယောက်တည်း တွေးနေလို့ ဆွေးရုံရှိမပေါ့။ ထပါ ကိုလှဝင်း တမင်လာခေါ်တာပဲဟာ"

မြနှစ်သည် လှဝင်းမျက်နှာကိုတစ်ချက်ကြည့်ပြီး အလိုလိုက်သည့်ဟန်၊ မငြင်းမဆန် ထ၍ အခန်းတွင်းသို့ ဝင်၍ အဝတ်အစားများကို လဲလှယ်လေ၏။ ဗိုလ်လှဝင်းသည် မြနှစ်ထသွားရာသို့ ငေး၍ကြည့်ရင်း ကျန်ရစ်ခဲ့၏။ ၎င်း၏စိတ်ထဲ၌ အတွေးများမှာလည်း မရှင်းလင်းပေ။

မကြာမီ မော်တော်ကားကလေးပေါ်တွင် နှစ်ယောက်သား လိုက်ပါလာကြ၏။ တစ်နှစ်တစ်ခါ လွတ်လပ်ရေးဆာလောင်နေသော မြန်မာတို့၏အောင်ပွဲနေ့ကြီးဖြစ်ရာ အသွားအလာ အလွန်စည်ကားလှပေ၏။ ဗိုလ်လှဝင်းတို့လည်း အောင်ပွဲကျင်းပရာနေရာအနီးသို့ရောက်လျှင် ကြီးမားသောလူထုကို မြင်ရသည်တွင် အားပါးတရရှိလှကာ ရောက်လိုစောဖြင့် ကားကိုသတိမရဘဲ အနည်းငယ်လစ်သလို ရှိသွားစဉ် မိမိတို့အနီးမှ ဟစ်အော်ဆူညံသံများကို ကြားရလေ၏။

မော်တော်ကားလည်း ရပ်၍သွားရာ ဤတွင်မှ သတိရကာ မိမိတို့ရှေ့ မနီးမဝေးတွင် ဟောင်းနွမ်းစုတ်ပြတ်သော အဝတ်အစားတို့ဖြင့် စိတ်မနှံ့ဟန်လူတစ်ယောက် လဲနေသည်ကို တွေ့ရလေ၏။ ထိုသူအား မိမိကားဖြင့် အမှတ်မဲ့ ဝင်၍တိုးမိကြောင်း သိရကာ ထိုအတွင်းပင် သူနှင့်ပြုတပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သားများလည်း ဗိုင်းဝန်းရောက်လာကြလေ၏။ မော်တော်ကားအတိုးခံရသူမှာ ဒဏ်ချက်မပြင်းထန်လှသော်လည်း အသက်ကကြီး၊ အားအင်ကပြတ်လပ်ကုန်ခန်းပုံကြောင့် သတိမရဘဲ မေ့မြောနေရာ သူနာပြုများက အဆင်သင့်ရှိသော ၎င်းတို့ကားဖြင့် ဆေးရုံသို့ အလျင်အမြန် ဆောင်ယူသွားလေ၏။

ဗိုလ်လှဝင်းကား အောင်ပွဲကိစ္စကြောင့် စိတ်များနေကာ သူနာပြုတပ်သားများအား တောင်းပန်စကားပြောဆိုပြီးနောက် မကြာမီ ဆေးရုံကြီးသို့ မိမိလိုက်လာခဲ့ပါမည့်အကြောင်း မှာထားလိုက်လေ၏။

အောင်ပွဲကြီးလည်း စတင်၍ကျင်းပလေ၏။ အဖနိုင်ငံတော်ကြီး လွတ်လပ်မှုအတွက် တိုက်ပွဲများတွင်ကျဆုံးသော သူရဲကောင်း ရဲဘော်များကို အရိုအသေပြုသည့်အခါတွင် မမြနှစ်ဆီမှ ရှိုက်သံတစ်ချက်ထွက်၍လာ၏။

လှဝင်းမှာလည်း မျက်နှာမကောင်းဘဲ အမှတ်မဲ့ကြည့်လိုက်ရာ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားရင်း ခေါင်းကလေးမှာ တဆတ်ဆတ်တုန်လှုပ်နေသည်ကို တွေ့ရ၏။ လှဝင်းကိုယ်တိုင် မိမိတို့ဆရာမြဒင်ကို သွား၍သတိရကာ မျက်ရည်များစို၍လာ၏။

"ပြန်ကြပါစို့ ကိုလှဝင်းရယ်၊ ဒီမှာနေရတာ တယ်စိတ်မကောင်းပါဘူး၊ ပြန်ချင်ပါပြီ"

"ကဲ မြ ပြန်ချင်လည်း ပြန်တာပေါ့လေ။ မပြန်ခင်ခုနကိစ္စအတွက် ဆေးရုံကြီးကို ခဏကလေး ဝင်လိုက်ပါစေဦးနော်" ဟု ဗိုလ်လှဝင်းလည်း မြနှစ်အလိုကိုလိုက်ကာ ဆေးရုံကြီးသို့ မောင်းနှင်ထွက်လာခဲ့လေ၏။

မိမိတို့ကား ဆေးရုံအဝသို့ရောက်လျှင်ပင် ပျာယီးပျာယာ ထွက်လာကြသော ရဲဘော်နှစ်ယောက်နှင့် တွေ့ရ၏။ ဗိုလ်လှဝင်းကိုမြင်လျှင် အရိုအသေပြုပြီးနောက်...

"အဆင်သင့်ပဲဗိုလ်ကြီးရယ်၊ ခုနက ဗိုလ်ကြီးကားနဲ့ တိုက်မိတဲ့ အဘိုးကြီး မရှိတော့လို့"

"ဟင် ဘာဖြစ်သွားလို့လဲ" ဟု ဗိုလ်လှဝင်းက အံ့အားသင့်သွားရင်း ပြန်မေးရာ ရဲဘော်များက–

"ဘယ်ထွက်သွားတယ်မသိဘူး ဗိုလ်ကြီးရဲ့။ ဆရာဝန်များလည်း အလုပ်များနေတုန်း သူ့နေရာကိုလာတော့ မတွေ့တော့ဘူး။ ထူးခြားတာတစ်ခုက ဟောဒီမှာ" ပြောပြောဆိုဆို မမြနှစ်ရှိရာသို့ မသိမသာတစ်ချက်လှမ်းကြည့်လိုက်ရင်း ညစ်ထေးဟောင်းနွမ်းနေသော မှတ်စုစာအုပ်ငယ်ကလေးတစ်ခုကို ဗိုလ်လှဝင်း၏လက်သို့ပေးလိုက်လေ၏။

"ဒီလူကြီးသတိမေ့နေတုန်း သူ့ပစ္စည်းကလေးတွေကိုယူပြီး ခေါင်းအုံးအောက်မှာ ခဏထားတာ၊ သူထွက်သွားတော့ သူ့ပစ္စည်းကလေးတွေ ကျန်နေခဲ့ပါတယ်"

ဗိုလ်လှဝင်းသည် မှတ်စုစာအုပ်ကလေးကို အမှတ်မဲ့လှန်ကြည့်လိုက်ရာ ဗိုလ်မြဒင်ဟူသော စာလုံးနှင့်ဓာတ်ပုံတစ်ခုကို တွေ့ရသည်နှင့်တစ်ပြိုင်နက်–

"ဟင် ဆရာကိုမြဒင်၊ အလို ဘုရား ဘုရား" ဟု နှစ်ယောက်သားပါးစပ်မှ သံပြိုင်ထွက်သွားလေ၏။ ဗိုလ်မြဒင်နှင့် မျက်နှာချင်းဆိုင်ပုံကလေးတစ်ပုံသည် မြနှစ်၏ပုံဖြစ်၏။

"ကိုမြဒင် ကိုမြဒင် ဆိုပါကလား ကိုလှဝင်းရယ်၊ အခု ဘယ်ရောက်သွားသလဲ ရှာကြည့်ပါဦး" ဟု ဤတွင်မှ မြနှစ်မှာ ပျာပျာသလဲ ဖြစ်၍နေတော့၏။

မော်တော်ကားလည်း ဘယ်လိုက်ရမှန်းမသိဘဲ ဦးတည်ရာသို့ ဟုးခနဲ ထွက်၍လာခဲ့ရလေ၏။ သို့သော် မကြာမီ ကံအားလျော်စွာ မိမိတို့ရှေ့မနီးမဝေး၌ ချိုင်းထောက်ကြီးနှင့် ပျာယီးပျာယာသွားနေသော သူတစ်ယောက်ကို တွေ့ရလေရာ ထိုသူအနီးတွင် ကားကိုထိုးရပ်လိုက်သည်နှင့် ထိုခြေကျိုးကြီးမှာ မြဒင်ဖြစ်နေကြောင်း သိရလေ၏။

"ကိုမြဒင်... ကိုမြဒင် အမယ်လေး ကိုမြဒင်ရဲ့" ဟု မြနှစ်က အသံပေး၍ ကားပေါ်မှ တစ်ဟုန်ထိုးဆင်း၍ ပြေးသွားရာ နောက်မှ ကိုလှဝင်းတို့လူစု လိုက်ပါ၍လာ၏။

မြဒင်သည် မြနှစ်အား ပြူးကြောင်သောမျက်လုံးတို့ဖြင့် စူးစိုက်ကြည့်နေရာမှ မျက်ရည်များလည်ဆင်း၍ လာ၏။ ထို့နောက် လှဝင်းတို့အား လှမ်း၍ကြည့်၏။

"မြ...မြ...ဘာလို့လိုက်လာသလဲမြရယ်" ဟု တုန်ရီသော အသံဖြင့်ပြောစဉ် "အဘ" ဟုခေါ်ရင်း ဗိုလ်လှဝင်းက လှမ်း၍အရိုအသေပြုလိုက်လေ၏။ ဤတွင်မှ သေချာစွာကြည့်ရင်း "မင်း ရဲဘော်လှဝင်း မဟုတ်လား" ဟု မေးရာ–

"ဟုတ်တယ်အဘ၊ အဘကို တွေ့ရတာ ကျွန်တော်ဝမ်းသာလိုက်တာ" ဟု လှဝင်းက ပြန်ပြောရင်း မျက်ရည်များ စို့၍လာ၏။

မြဒင်သည် မြနှစ်ဘက်သို့လှည့်သွားပြီးလျှင် "မြ–

www.burmeseclassic.com

www.burmeseclassic.com



ကိုမြဒင်ကို မြင်တဲ့အတိုင်း လှစဉ်မမီတော့ဘူး။ ဒါကြောင့် ကိုမြဒင် ဝေးရကိုသွားတော့မလို့၊ ဒီလောကကြီးဟာ ကိုမြဒင်အတွက် မဟုတ်တော့ဘူး" ဟု စကားမဆုံးမီ

"ဒီလိုမပြောပါနဲ့ ကိုမြဒင်ရယ်၊ မြ အင်မတန်အားငယ်နေပါတယ်။ ကိုမြဒင်ကို မြ စောင့်နေတာကြာလှပါပြီ။ ကိုမြဒင် ကျိုးလို့ကန်းလို့ ဘယ်ဘဝရောက်နေနေ မြ ကိုမြဒင်ကို မေတ္တာမပျက်ပါဘူး" ဟု ပြောပြောဆိုဆို ညစ်ပေစုတ်ပြတ်လျက်ရှိသော မြဒင်၏ရင်ခွင်ကြားသို့ တိုးဝင်ကာ တုန်တုန်ခိုက်ခိုက် ငိုရှိုက်၍နေလေ၏။

မြဒင်သည် မြနှစ်အား ယုယစွာပွေ့ဖက်ထားရင်း မျက်ရည်ယိုရွှဲသော မျက်လုံးတို့ဖြင့် ငေးမောရှု၍နေစဉ်-

"ဟုတ်ပါတယ် အဘရယ်၊ ကျွန်တော်အသိပါပဲ၊ မြ အင်မတန် စိတ်ဆင်းရဲနေပါတယ်။ ကဲ မော်တော်ကားဆီ ကြွပါအဘ" ဟု ဗိုလ်လှဝင်းသည် မင်းလောင်းပင့်သလို ပင့်ခေါ်၍ သွားလေသတည်း။

❖

အတွဲ-၁၊ အမှတ်-၄၊ ၁၉၄၇၊ ဩဂုတ်၊ ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com